


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# ဝိပဿနာရှုပွားနည်း

(၁၆၆)

ဟောကြားသည့်နေ့
၁၈-၁-၅၉

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ဝိပဿနာရှုပွားနည်း

ဟောကြားသည့်နေ့( ၁၈. ၁. ၅၉ )

မိလိန္ဒမင်းကြီးက မေးလို့ ဝိပဿနာယောဂီပုဂ္ဂိုလ်များ အဆုံးရောက်အောင်ရှုချင်လို့ရှိရင် ဘယ်လိုဉာဏ်နဲ့၊ ဘယ်လိုသတိနဲ့၊ ဘယ်လိုပညာနဲ့ ထားရှုရမတုံးလို့ မိလိန္ဒမင်းကြီးကမေးတဲ့အခါ ရှင်နာဂသိန်က လှေအငှါးခတ်ပြီး သကာလ စားတဲ့လှေသမားဆိုတဲ့ ပုဂ္ဂိုလ်နဲ့အတူတူထားပြီး သကာလ မနေ့ကဟောတယ်။

## လှေကလှေသမားကိုထမင်းကျွေးလို့

ခန္ဓာကိုယ်ကြီးကို၊ လှေသမားသည်ကားဆိုလို့ရှိရင် ဒကာဒကာမတို့ ဒီလှေကိုအမှီပြုပြီးနေရတဲ့အတွက် ဒီလှေကိုမပေါက်အောင်၊ မပဲ့အောင်၊ မတိုက်အောင်၊ မကွဲအောင်၊ မရှအောင် လှေအမြဲကြည့်နေရတယ် ဘယ်နှယ်ကြောင့် ဒီလှေသမား လှေကိုအမြဲကြည့်နေရပါလိမ့်မလဲလို့ မေးလို့ရှိရင် လှေကပဲ သူ့ကိုထမင်းကျွေးလို့ ဆိုနိုင်ကြရဲ့လား. . . (ဆိုနိုင်ပါတယ်ဘုရား)။

လှေကထမင်းကျွေးနေတယ်ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား) အဲတော့ ဒီလှေသမားသည် ဘုန်းကြီးတို့ ဒကာဒကာမတွေ သူ့လှေကိုပဲ သတိပညာနဲ့ ဂရုစိုက်လိမ့်မယ်ဆိုတာကတော့ဖြင့် ယုံမှားစရာ မရှိပါဘူး. . . (မှန်ပါ)။

ဘာပြုလို့ယုံမှားစရာမရှိသလဲဆိုတော့ လှေကထမင်းကျွေးနေတယ်၊ လှေကပဲရပြီး သူစားသောက်ရတယ် အဲတော့ လှေဂရုစိုက်လိမ့်မယ်ဆိုတာ ငြင်းဖို့လိုသေးလား . . . (မလိုပါဘူးဘုရား) အဲယောဂီပုဂ္ဂိုလ်လဲတဲ့ ဒီအတိုင်းပဲ ခန္ဓာကိုယ် သတိပညာနဲ့ ဂရုစိုက်နေပါ။ ရှင်းကြလား. . . (ရှင်းပါတယ်ဘုရား)။

## ခန္ဓာကိုယ်ကိုဘာလုပ်နေရမှာတုံး

ခန္ဓာကိုယ်ကို သတိပညာနဲ့ ဘာလုပ်နေရမှာတုံး . . . (ဂရုစိုက်နေရမှာပါဘုရား) ခန္ဓာကိုယ်ကို ဘာလုပ်နေရမှာတုံး. . . (ဂရုစိုက်နေရမှာပါဘုရား) အဲ. သတိ၊ပညာနဲ့ ဂရုစိုက်ပြီးနေလိုက်လို့ရှိရင်ဖြင့် ခန္ဓာကိုယ်ကဖြင့် အမြဲတမ်းသူသည် ရုပ်ဘက်ကလည်း ဒကာဒကာမတွေကို ဖောက်ပြန်ပျက်စီးတာ ပြောမှာပဲ၊ ဝေဒနာဘက်ကကော. . . (ပြောမှာပါဘုရား)။

အင်း. . . သညာဘက်ကကော. . . (ပြောမှာပါဘုရား) အင်း. . . သင်္ခါရဆိုတဲ့ စေတနာဘက်ကကော. . . (ပြောမှာပါဘုရား) စိတ်တွေဘက်ကကော. . . (ပြောမှာပါဘုရား) အဲဒီပြောတာတွေကို ဒကာဒကာမတွေက သတိထားပညာနဲ့ကြည့်။

ခန္ဓာကိုယ်လှေကြီးကို ယောဂီပုဂ္ဂိုလ် အခစားလှေသမားကကြည့်ပြီးသကာလ နေကြမယ်ဆို ခန္ဓာကိုယ်ကပြောတာကို ခင်ဗျားတို့က သတိ၊ပညာနဲ့ကြည့်နေလို့ရှိရင်ဖြင့် ခန္ဓာကိုယ်ကလဲ အထူးပြောစရာ ဘာမှမရှိဘူး ဒီခန္ဓာကိုယ်ကြီးဟာ ကျုပ်တို့ဟာ အစဉ်လိုက်ဒုက္ခရောက်နေပါတယ်လို့ ပြောမှုမှတစ်ပါး ဘာမှမရှိဘူး. . . (မှန်လှပါ) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## ခန္ဓာကဘာပြောမယ်ထင်ကြတုံး

ဘာပြောမယ်ထင်ကြတုံး. . . (ဒုက္ခရောက်နေတယ်လို့ပြောမှာပါဘုရား) ဒုက္ခရောက်နေတယ်လို့ပြောလိမ့်မယ် ဒကာဒကာမတို့ မပြောပေဘူးလား. . . (ပြောပါတယ်ဘုရား) အကယ်၍ ဒုက္ခရောက်တယ်လို့မပြောလို့ရှိရင် ကျုပ်တို့ အနိစ္စရောက်နေပါတယ်လို့လဲ မပြောပေဘူးလား . . . (ပြောပါတယ်ဘုရား)။

အဲဒီပြောတာကိုသာ သတိ၊ပညာနဲ့လျှောက်ကြည့်နေမယ်ဆိုလို့ရှိရင် ဒီခန္ဓာကိုယ်ကြီးဟာ အင်း. . . အနိစ္စတွေပြော၊ ဒုက္ခတွေပြော ပြောတဲ့အတွက် ကြည့်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အနိစ္စဉာဏ်၊ ဒုက္ခသစ္စာဉာဏ်ကို မရပေဘူးလား. . . (ရပါတယ်ဘုရား)။

## လှေခါးထစ်တက်မိပြီ

အင်း. . . ဘယ်သူကပြောလို့များ ရပါလိမ့်မတုံး. . . (ခန္ဓာကပြောလို့ပါဘုရား) သြော်. . . ဒါဖြင့် ခန္ဓာကပြောလို့ရတယ် ခန္ဓာကပြောလို့ရတယ်ဆိုတော့ သြော်. . . ခန္ဓာကိုယ်ကြီးဟာ အနိစ္စလက္ခဏာ၊ ဒုက္ခသစ္စာ ကိုချည့်ပြောနေပါလားလို့ ဉာဏ်ကရလို့ရှိရင် ဒါ ဒကာဒကာမတို့ မအိုရာ၊ မနာရာ၊ မသေရာ၊ မငိုရာ၊ မမွဲရာ၊ မကွဲရာဖြစ်တဲ့ နိဗ္ဗာန်ကို လှေခါးသုံးထစ်ရှိတဲ့အနက်က တစ်ထစ်တက်မိပြီလို့မှတ်ပါ။ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ခန္ဓာကိုယ်ကြီးကပြောတာကို အနိစ္စလက္ခဏာ၊ ဒုက္ခသစ္စာတွေချည့်ပဲ ပြောနေပါလိမ့်မယ် ပြောတာကို ခင်ဗျားတို့ကလဲသတိ၊ပညာနဲ့ကြည့်လို့ တွေ့ရှိပြီဆိုမှဖြင့် ဒီဒကာဒကာမတွေသည်ကားလို့ဆိုလို့ရှိရင်ဖြင့်တဲ့ ဟုတ်တိုင်းမှန်စွာသိတဲ့ တစ်နံပါတ်ဖြစ်တဲ့ လှေခါးထစ်နဲ့တူတဲ့ ယထာဘူတဉာဏ် ရပါပြီလို့ဆုံးဖြတ်ချက်ချပါ။ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## အသေဆိုးနဲ့မသေရတော့ဘူး

ဘာဉာဏ်ရပါလိမ့်မတုံး. . . (ယထာဘူတဉာဏ်ပါဘုရား) အေး. . . ယထာဘူတဉာဏ် ရပါတယ်ဆိုလို့ရှိရင် နိဗ္ဗာန်သွားမယ့် လှေခါးသုံးထစ်၊ နိဗ္ဗာန်မြင်ရမဲ့ လှေခါးသုံးထစ်၊ တစ်ထစ်တက်မိတဲ့အတွက် ဒကာဒကာမတို့ အသေဆိုးဖြင့်မသေနိုင်တော့ဘူးလို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ) ဖြစ်ပျက်တစ်လုံးတွေ့ရင် အသေဆိုးမသေဘူးလို့ ဆုံးဖြတ်ချက်ချပါ။

## ဖြစ်ပျက်တွေ့ဖို့အရေးကြီးတယ်

အသေဆိုးဟာ ဘယ်လိုမှမသေတာပါလိမ့်. . . (ဖြစ်ပျက်တစ်လုံးတွေ့ရင်ပါဘုရား) ဖြစ်ပျက်တစ်လုံးတွေ့ဖို့

အရေးကြီးတယ်၊ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာပဲလို့ သိလို့ တစ်လုံးတွေ့ရင်ဖြင့် ခင်ဗျားတို့ သံသရာစခန်းပြတ်ပေါ့၊ ပြတ်ဖို့ရာ မျိုးစေ့ရလို့ပေါ့ အောက်မေ့ကြပါ။ သဘောကျပြီလား. . . (မှန်လှပါဘုရား)။

ကောင်းပြီ ဒီခန္ဓာကြီးက ပြဖန်များလာလို့ရှိရင် အနိစ္စလက္ခဏာ၊ ဒုက္ခသစ္စာတွေချည့် ပြပြီးသကာလ နေပြန်တော့လည်း၊ အင်း. . . ဒီကြည့်နေရတဲ့ လေ့အခစား ခတ်လျော်နေတဲ့ ပုဂ္ဂိုလ်နဲ့ လေ့သမားသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ကြည့်နေပြီဆိုမှဖြင့် ကိုယ့်ခန္ဓာတည်းဟူသောလေ့ကိုပင်လျှင် ကိုယ်သည် ရွံတဲ့ဉာဏ်၊ မုန်းတဲ့ဉာဏ် ရလာလိမ့်မယ်ဆိုရင် ဒုတိယလေ့ခါးထစ်၊ နိဗ္ဗာန်မြင်တဲ့လေ့ခါး ဒုတိယလေ့ခါးထစ် တက်မိပြီလို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်လှပါ)။

## ဒုတိယလှေခါးထစ်တက်မိပြီ

ခန္ဓာကိုယ် မုန်းလာလို့ရှိရင်ပေါ့ဗျာ. . . (မှန်ပါ) တစ်ကိုယ်လုံးကို အသုဘမုန်း မုန်းတယ်လို့ မယူလိုက်ပါနဲ့၊ ဒါ သတိထားပါ။ အသုဘမုန်း မုန်းတာက အလကားပါ သမထမုန်းကြီးနော်. . . (မှန်ပါ)။

ခန္ဓာကိုယ်ငြီးက ရွံစရာကြီး ကြောက်စရာကြီး ဒီအမုန်းမျိုးကို မကြိုက်ဘူး မုန်းတယ်ဆိုတာ ဘာမှမထိခိုက်ပဲနဲ့

ဩော်. . . သက်သက်ဒုက္ခရောက်နေလို့မုန်းတာကိုမှ အမုန်း မုန်လို့မှတ်ကြပါ ရှင်းပလား. . . (မှန်လှပါဘုရား)။

ဒုက္ခရောက်တဲ့အမုန်းကို ဒုက္ခရောက်တဲ့မုန်းစရာကို မြင်တဲ့အမုန်းမှ ဘာဆိုကြပါ. . . (အမုန်းမှန်ပါဘုရား) အဲဒီ. လိုဆိုကြလို့ရှိရင်ဖြင့် ဒုတိယ "ဧဝံပဿံ နိဗ္ဗိန္ဒတော" ဖြစ်လာပြီ လို့ မှတ်ပါတော့ ဤတရားဟာ နိဗ္ဗိန္ဒဉာဏ် တက်လာတာ ပဲလို့ ဆုံးဖြတ်ချက်ချ။

## ဒုတိယဉာဏ်ရလာပြီ

ဘယ်သူ့ငြီးငွေ့တာတုံးလို့ဆိုရင် ကိုယ့်ခန္ဓာကိုယ်ငြီး ငွေ့တာလို့မှတ်ပါ သတိပညာနဲ့ ကြည့်လို့နော် ဒုတိယဉာဏ် မရသေးဘူးလား. . . (ရပါတယ်ဘုရား) ဒုတိယ ဉာဏ်ရလာပြီလို့ ဒကာဒကာမတွေ ဆုံးဖြတ်ချက်ချပါ။

"ဧဝံပဿံဘိက္ခဝေ သုတဝါ အရိယာ သာဝကော" ဆိုတဲ့အတိုင်း နိဗ္ဗိန္ဒဉာဏ်ဖြင့် ရပါပြီ နိဗ္ဗိန္ဒဉာဏ်ရလာလို့ရှိ ရင်ဖြင့် အားလုံးသော ဒကာဒကာမတို့ မပူပါနဲ့တော့ ဒီလေှ နဲ့တူတဲ့ခန္ဓာကိုယ်ကြီးကို သတိပညာနဲ့ ကြည့်နေပြီဆိုမှဖြင့် ရွံစရာမုန်းစရာတွေ ပိုမိုပြီးသကာလ ဉာဏ်ထဲမှာ ထင်မလာပေဘူးလား. . . (ထင်လာပါတယ်ဘုရား)။

ထိုကဲ့သို့ထင်လာလို့ရှိရင်ဖြင့် စွန့်ချင်တဲ့သဘော

တော့မလာပေဘူးလား လာသလား. . . (လာပါတယ်ဘုရား) စွန့်ချင်တဲ့သဘောလာလို့ရှိရင်ဖြင့် မလိုချင်တာပဲမလိုချင်လို့စွန့်ချင်တဲ့သဘောလည်းလာပါရော ခင်ဗျားတို့ရှုနေတဲ့ အနိစ္စလက္ခဏာ ဒုက္ခသစ္စာကြီးဟာ ဦးခင်မောင်ပျောက်သွားတယ်. . . (မှန်လှပါ) သဘောကျပလား. . . (မှန်ပါ)။

**ဒုက္ခပျောက်၍သုခနိဗ္ဗာန်ရောက်**

ပျောက်သွားပြီးသကာလ ဒီနေရာမှာ တစ်ခုပျောက်ရင် တစ်ခုအစားထိုးရောက်သလို ဒုက္ခပျောက်၍ သုခနိဗ္ဗာန်ပေါ်ပေါက်တယ်လို့မှတ်လိုက်ပါ သဘောကျပလား. . . (မှန်ပါ)။

ဒါဖြင့် နိဗ္ဗာန်သွားဖို့ရာ အလုပ်ဟာ ခင်ဗျားတို့အလှူကြီးအတန်းကြီးပေးသည်ထက်လွယ်ပါသေးလား။ နိဗ္ဗာန်သွားတဲ့အလုပ်ဟာဘာတဲ့. . . (အလှူကြီး အတန်းကြီးပေးသည်ထက်လွယ်ပါတယ်ဘုရား) အလှူကြီးအတန်းကြီးပေးသည်ထက်လွယ်သေးတယ်ဆိုတာကော သဘောကျပလား. . . (ကျပါတယ်ဘုရား)။

**ယထာဘူတဉာဏ်**

ကောင်းပြီဒါဖြင့် တစ်နံပါတ် ယထာဘူတဉာဏ် ခန္ဓာ

ကို သတိပညာဖြင့်ကြည့်နေလို့ရှိရင်ဖြင့် လှေသမားနှင့်တူစွာ ကိုယ့်လှေကိုယ်ကြည့်ပေါ့ဗျာ တစ်နံပါတ်ကြည့်ရင် ဘာဉာဏ် ရတယ်. . . (ယထာဘူတဉာဏ်ပါဘုရား)။

## နိဗ္ဗိန္ဒဉာဏ်

နှစ်နံပါတ် ခန္ဓာကိုယ်လှေကြီးဟာ ရွံစရာမုန်းစရာတွေ အဖြစ်နဲ့ ဉာဏ်ကပြောင်းလွဲပြီးမြင်လာလို့ရှိရင် ဘာဉာဏ်တဲ့ . . . (နိဗ္ဗိန္ဒဉာဏ်ပါဘုရား)။

အင်း. . . ဒါကြီးနဲ့နေမနေချင်ပါဘူးဆိုတဲ့အချိန်လိုပဲ မလိုချင် တော့ပါဘူး ယ္ခုရတာ နောက်ဆုံးပိတ်ရခြင်းပါပဲ ဒီဒုက္ခကြီး ဖြင့် လွယ်ပိုက်ပြီး သိမ်းပိုက်ပြီးသကာလ မနေလိုတော့ပါဘူး ဆိုရင် ခုနကလှေကြီးပါပျောက်သွားတယ် ခန္ဓာကိုယ်လှေကြီး ပါပျောက်သွားတယ်. . . (မှန်ပါ) သဘောကျပလား. . . (မှန်ပါ)။

## နိဗ္ဗာန်ပေါ်လာပြီ

နိဗ္ဗာန်ပေါ်လာပြီလို့ မှတ်လိုက်တော့. . . (မှန်ပါ) အဲဒါကျတော့ မဂ်ဉာဏ်လို့မှတ်လိုက်တော့. . . (မှန်လှပါ ဘုရား) ဒုက္ခပျောက်ပြီး သုခပေါ်ပေါက်တာ မြင်ရရင် ဘယ့်နှယ် ဆိုကြပါ့. . . (မဂ်ဉာဏ်ပါဘုရား) ရှင်းပြီလား. . . (မှန်ပါ)။

ဒါက မိလိန္ဒပဉ္စာ မှာလာတဲ့ ယောဂီပုဂ္ဂိုလ်၏ ဒုက္ခ၏ အဆုံးကိုမြင်နည်းလို့ မှတ်လိုက်စမ်းပါ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် မိလိန္ဒပဉ္စာထဲမှာ ဘုန်းကြီးများက အနတ္တလက္ခဏာသုတ် ဖြည့်စွက်ပြီးသကာလ ဥာဏ်သုံးဥာဏ်နဲ့ ဆင့်တက်ပေးလိုက်တယ်လို့ မှတ်ရမယ်နော်. . . (မှန်လှပါဘုရား) ရှုတတ်ကြပြီလား ဒကာဒကာမတို့. . . (ရှုတတ်ပါပြီဘုရား)။

အားလုံး ဒကာဒကာမတွေ မနေ့ကရှုနည်းကို အကောင်းဆုံးဘဲ သင်လွှတ်လိုက်တယ်ဆိုတာကော သဘောကျပြီလား. . . (ကျပါတယ်ဘုရား) ထိုင်ပြီး ခန္ဓာကိုယ်ကြည့်နေတော့ ခန္ဓာကိုယ်ကဘာမှ အမူအရာမပြလို့ရှိရင်ဖြင့် ကြည့်ရတာ ဘာမှမမြင်ဘူးလို့ခင်ဗျားတို့ မမြင်တဲ့စိတ်ကလေးတော့ ပေါ်လာမှာပဲ. . . (မှန်ပါ) မပေါ်လာပေဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

## ဘာမှမမြင်တဲ့စိတ်

ကြည့်ရတာဘယ်နှယ်တဲ့. . . (ဘာမှမမြင်တဲ့စိတ် ပေါ်ပါတယ်ဘုရား) ဘာမှမမြင်တဲ့စိတ် ဘာမှ ရုပ်လဲမမြင် ဝေဒနာလဲမမြင် ကာယာနုပဿနာဆိုတဲ့ ကိုယ်လဲမမြင်၊ စိတ္တာနုပဿနာ စိတ်လဲမမြင်၊ ဝေဒနာနုပဿနာ မမြင်၊ ဓမ္မာနုပဿ

နာဆိုတဲ့ သစ္စာတွေလဲမမြင်၊ မမြင်တဲ့စိတ်ကလေးနဲ့ ကြည့်ပြီး သကာလ နေကြပြောသော်လည်း မမြင်ဘူးတဲ့ ဒကာ ဒကာမတို့နော်။

အဲတော့. . . မနေ့က ဆရာဘုန်းကြီးက ဘယ့် နှယ်လုပ်သင် လိုက်သတုံး မမြင်တဲ့စိတ်ဟာ ခင်ဗျားတို့ သန္တာန် ခု အသစ်ပေါ်လာတာ ပဲ ရှင်းပြီလား. . . (မှန်ပါ)။

မမြင်တဲ့စိတ်ဟာ မမြင်ဘူးလို့ပြောတာ ဘယ်သူ ပြောတာတုံး. . (မမြင်တဲ့စိတ်ကပါဘုရား) မမြင်တဲ့စိတ် က ပြောတယ်ဆိုတာ ကောင်းကောင်းရိပ်မိပြီလား. . . (မှန်ပါ)။

## မောဟာစိတ်

မမြင်ဘူးလို့ပြောတာ ဘယ်သူကပါလိမ့်. . . (မမြင် တဲ့စိတ်ပါဘုရား) မမြင်တဲ့စိတ်ကပြောတယ်ဆိုတာ ကောင်း ကောင်းရိပ်မိပြီလား. . . (မှန်ပါ) အဲဒီမမြင်တဲ့စိတ်ကလေး ဟာ ဘာစိတ်တုံးလို့ ဘုန်းကြီးက မနေ့ကဝေဖန်ပေးလိုက် တယ် မမြင်တဲ့စိတ်ကလေးဟာဖြင့် ဒကာဒကာမတို့ အဝိဇ္ဇာ ပဲ၊ မောဟာစိတ်ကလေး ဝင်လာတာ။

သူကြည့်တော့ကြည့်တယ်တဲ့ မမြင်ဘူးတဲ့ အဲဒီ မမြင် တဲ့စိတ်ကလေးကို ခင်ဗျားတို့က မမြင်တဲ့စိတ်ကလေးဟာလဲ မြဲသလား ခိုင်သလားသာကြည့်လိုက်. . . (မမြဲပါဘုရား)

ဒါဖြင့် မမြင်တဲ့အခါကျတော့ မမြင်တဲ့စိတ်ကလေး မြဲသလား ခိုင်သလားလို့ နောက်ကနေ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါ ကျတော့ ဘာပြောသွားတုံး. . . (အနိစ္စပြောပါတယ်ဘုရား) အနိစ္စပြောသွားတယ်။

## ဝိပဿနာအရှုခံတဲ့စိတ်

ဘယ်သူကပြောသွားတာတုံး သူရှုနေတဲ့ စိတ်က လေးက ကျုပ်ဘာမှမမြင်ဘူးတဲ့၊ မမြင်တဲ့စိတ်ကလေးကပဲ ဒကာဒကာမတို့ ဘုန်းကြီးက မမြင်တဲ့စိတ်ဟာ ဝိပဿနာ အရှုခံစိတ် မှတ်မိပြီလား. . . (မှတ်မိပါပြီဘုရား)။

မမြင်တဲ့စိတ်ကလေးကဘာတဲ့. . (ဝိပဿနာအရှုခံ တဲ့စိတ်ပါဘုရား) ဝိပဿနာအရှုခံတဲ့စိတ်လို့ ရှုစရာအာရုံစိတ် စာလိုသုံးလို့ရှိရင် အဲဒီစိတ်ကလေးကိုပဲ ခင်ဗျားတို့က ဘုန်း ကြီးသင်ထားတဲ့အတိုင်း ဒီစိတ်ကလေး၏ အသက်တမ်းဟာ တစ်နဲ့နှစ်ပဲရှိတယ်လို့ သင်မထားဘူးလား. . . (သင်ထားပါ တယ်ဘုရား)။

## မမြင်တဲ့စိတ်ရှိမရှိဉာဏ်နဲ့ကြည့်

အဲဒီစိတ်ကလေးကို မမြင်တဲ့စိတ်ကလေးကို နောက်ကနေပြီး ဉာဏ်နဲ့ကြည့်စမ်း မမြင်တဲ့စိတ်ကလေး ရှိ မရှိ. . . (မရှိပါဘူးဘုရား) မရှိတာက အနိစ္စ၊ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ရှင်းပြီလား. . . (မှန်ပါ)။

အနိစ္စလက္ခဏာကော သူပြောမသွားဘူးလား. . . (ပြောသွားပါတယ်ဘုရား) ဒုက္ခသစ္စာလို့လဲ ကျုပ်ဖြင့်အနှိပ်စက်ခံရလို့ ပျောက်ပါပေါ့၊ သေခြင်းဆိုးသေပါပေါ့ ဒီစိတ်ကလေးက ပြောမသွားဘူးလား. . . (ပြောသွားပါတယ်ဘုရား) ပြောသွားတော့ ဩော်. . . သူဒီလိုဖြစ်သွားသည်လို့ မသိလိုက်ဘူးလား. . . (သိလိုက်ပါတယ်ဘုရား)။

သိလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် အဲဒီမမြင်တဲ့စိတ်ကလေးက ဝိပဿနာရှုစရာ အာရုံ၊ ရှုစရာရဲ့နောက်က ဉာဏ်လို့ဆုံးဖြတ်ချက်ချလိုက် ရှင်းပြီလား. . . (ရှင်းပါပြီဘုရား) ဒါဖြင့် ဆရာဘုန်းကြီးသင်တာ ခင်ဗျားတို့ ရိပ်မိကြပြီ. . . (ရိပ်မိပါပြီဘုရား)။

## ဘယ်စိတ်စပေါ်လာတုံး

ဘယ်လိုများရိပ်မိကြတုံး. . . (ပေါ်တာရှုပါဘုရား) ပေါ်တာရှုလာတာပဲ ဘယ်စိတ်ကလေးစပေါ်လာတုံး. . . ဖြစ်ပျက်မမြင်တဲ့စိတ်ကလေး စ ပေါ်လာတယ်၊ ဩော်. . . စပေါ်လာလို့ရှိရင် မနေ့ကတရားဂုဏ်တော်နဲ့တွန်းပြီးမပြောလိုက်ဘူးလား. . . (ပြောပါတယ်ဘုရား)

ဖေဟိပဿိကော. . . မပြောဘူးလား. . . (ပြောပါတယ်ဘုရား) ဧဟိလာခဲ့ပါ ပဿရှုပါ ကျုပ်ဟာဘာမှမမြင်တဲ့စိတ်ကလေး အသေခံလာတာပါလို့ပြောတာ မပြောဘူးလား . . . (မှန်ပါ) ကျုပ်ဟာဘာတဲ့. . . (အသေခံလာတာပါဘုရား)။

## သေမှန်းသိတာမဂ္ဂသစ္စာ

အသေခံလာတာပါလို့ပြောတော့ ကျုပ်တို့က သူ အသေခံလာတာကို သေလား၊ မသေလားကြည့်ပေါ့ဗျာ၊ ကြည့်လိုက်တော့ သူဘာတွေ့ရတုံး. . . (သေတာတွေ့ရပါ တယ်ဘုရား) သေတာအနိစ္စပေါ့၊ သေတာဒုက္ခပေါ့ ဒကာ ဒကာမတို့ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

သေမှန်းသိတာက. . . (မဂ္ဂ) မဂ္ဂမဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား) သေမှန်းသိတာက. . . (မဂ္ဂ) သေတာ က. . . (အနိစ္စပါဘုရား) အဲ မဂ္ဂဖြစ်သွားပြီတဲ့ အနိစ္စ နောက်က မဂ္ဂလိုက်သွားပြီဆိုမှဖြင့် ဒကာဒကာမတို့ ဒီဥစ္စာ သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဝိပဿနာ စရှုတဲ့ပုဂ္ဂိုလ်၏ အ လုပ်လို့သာမှတ်လိုက်။

## ဝိပဿနာရှုတတ်ကြပြီလား

ဝိပဿနာ စရှုတတ်ကြပြီလား. . . (ရှုတတ်ပါပြီ ဘုရား) တချို့က ဝိပဿနာရှုတာ မရှုတတ်မှာစိုးလို့ ကြပ် ကြပ်သင်နေတာနော်. . . (မှန်ပါ) ဝိပဿနာရှုတယ်ဆို. . . ရှုတယ်ဘုရား ဘာမှမတွေ့ဘူးဘုရား၊ ဒါနဲ့ ဆင်ခြေကိုင်တာ ပဲ၊ ဘယ့်နှယ်ကိုင်ကြသတုံး. . . (ဘာမှမတွေ့ဘူးနဲ့ပါဘုရား)။

ဘာမှမတွေ့ဘူးဆိုတာ သည်စိတ်ကလေးနဲ့ကြည့်

တော့ မကြည့်ဘူးလား. . . (ကြည့်ပါတယ်ဘုရား) ကြည့်ပင် ကြည့်ငြားသော်လည်း တွေ့ရဲ့လား. . . (မတွေ့ပါဘူးဘုရား) မတွေ့တော့ဒီစိတ်ကို ပြန်ပြီးခင်ဗျားတို့က ရှိမရှိပြန်ကြည့် လိုက် ပြန်ကြည့်တော့သူကဘာပြောသွားတုံး. . . (မရှိဘူးလို့ ပြောပါတယ်ဘုရား)။

ဒါဖြင့် မတွေ့တဲ့စိတ်ကလေးက ဘာမှမတွေ့တဲ့စိတ် ကလေးက မတွေ့တာနဲ့ပဲ အနိစ္စရောက်သွားတယ်. . . (မှန်လှပါဘုရား) သဘောကျပြီလား. . . (မှန်လှပါဘုရား) ဘာမှမတွေ့တဲ့စိတ်က ဘာဖြစ်သွားတုံး. . . (အနိစ္စရောက် သွားပါတယ်ဘုရား)။

မတွေ့တော့ သေသွားတော့ အာရုံနဲ့ သူမတွေ့ဘူး၊ မတွေ့တော့ မတွေ့တာနဲ့ပဲ သူအနိစ္စရောက်သွားတယ် အဲဒီ အနိစ္စရောက်တဲ့စိတ်ကို ကျုပ်တို့ကမတွေ့တဲ့စိတ်ကလေးကို ဉာဏ်နဲ့နောက်ကနေကြည့် သဘောကျပြီလား. . . (မှန်ပါ)။

မတွေ့တဲ့စိတ်ကလေးကို. . . (နောက်ကဉာဏ်နဲ့ ကြည့်ရမှာပါဘုရား) ဉာဏ်နဲ့နောက်ကကြည့်ပေးပါ၊ ရှင်းပြီ လား. . . (မှန်ပါ) ဉာဏ်နဲ့နောက်ကကြည့်ပေးလိုက်တော့ မတွေ့တဲ့စိတ်ကလေးကလည်း သက်တမ်းကုန်သွားတယ်. . (မှန်ပါ) ဘာဖြစ်သွားတုံး. . . (သက်တမ်းကုန်သွားပါတယ် ဘုရား)။

သက်တမ်းကုန်သွားတော့ သူ့ဘာသိုကြမယ်. . . (အနိစ္စ) သက်တမ်းကုန်သွာမှန်းသိတာက. . . (မဂ္ဂပါဘုရား) သက်တမ်းကုန်တာသာ သိအောင်လုပ်နေ ကဲ. . . အားလုံးဒီအထဲက ဒကာဒကာမတွေ ဝိပဿနာ မရှုတတ်ဘူးဆိုရင် မရှုတတ်တဲ့စိတ်ကိုရှု မှတ်မိကြပြီလား. . . (မှတ်မိပါပြီဘုရား)။

## ဝိပဿနာမရှုတတ်ဘူးဆိုရင်

ဝိပဿနာမရှုတတ်ပါဘူးဆိုရင် ဘယ်လိုလုပ်မလဲ. . (မရှုတတ်တဲ့စိတ်ကို ရှုရမှာပါဘုရား) အံမယ်! အတော်ဆန်းတဲ့စကားပါလားလို့ ခင်ဗျားတို့က အောက်မေ့ချင် အောက်မေ့နေမယ် ဦးဝင်းတို့ ဦးဘအုန်းတို့. . . (မှန်ပါ) ဆန်းသလား ရိုးရာဘဲလား. . . (ရိုးရာပါဘုရား)။

အားလုံးဒကာဒကာမတွေ ဆန်းတယ်ထင်သလား ရိုးရာပဲလား. . . (ရိုးရာပါဘုရား) သို့သော် ခင်ဗျားတို့က ဝိပဿနာတွေ့လျက်နဲ့ ဝိပဿနာ မရှာတတ်လို့ကိုသင်ရတာပါ ရှင်းပြီလား. . . (မှန်ပါ) ဝိပဿနာရှုစရာတွေ့လျက်နဲ့ ဘာတုံး. . . (မရှာတတ်လို့ပါဘုရား)။

ဩော်. . . တွေ့ရက်နဲ့တဲ့ ရှုစရာအာရုံ ပေါ်ပါလျက်သားနဲ့-ခင်ဗျားတို့က မရှုတတ်ဘူးပြောနေလို့ ရှေ့သာရှာနေ

တယ် ကိုယ်ရှာတာ ပျက်တာမသိဘူး၊ ဘယ့်နှယ်ဆိုကြမတုံး . . . (မတွေ့တာရှာပါတယ်ဘုရား)။

ကိုယ်ရှာတာပျက်တာမသိတော့ ဒကာဒကာမတို့ ဒီဥစ္စာလောက် ခင်ဗျားတို့တွေဝေတဲ့သဘောရှိတာ ဘယ်ရှာတွေ့တော့မတုံး၊ သဘောကျပြီလား. . . (မှန်ပါ) အခုဥာဏ်ပါကြရဲ့လား. . . (ပါပါတယ်ဘုရား) ဝိပဿနာရှုတဲ့အခါ ရှေးဦးစွာ ဘယ်စိတ်လာတတ်တုံး. . . (မတွေ့တဲ့စိတ်ပါဘုရား) မတွေ့တဲ့စိတ်လာတတ်တယ်။

## ရှုစရာရှာမတွေ့တဲ့စိတ်

ဝိပဿနာကို ရှာမတွေ့ဘူး ရှုစရာကိုရှာမတွေ့တဲ့စိတ် လာတတ်တယ် မလာပေဘူးလား. . . (လာပါတယ်ဘုရား) အဲဒီလာတော့ အဲဒိလာတဲ့စိတ်ကို နောက်ဉာဏ်နဲ့ရှုပေး၊ လာတဲ့စိတ်ကို ရှိမရှိ. . . (နောက်ဉာဏ်ကရှုရမှာပါဘုရား)။

ရှုလိုက်တဲ့အခါကျတော့ နောက်ဉာဏ်ဝင်လာရင်ပဲ သူရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား) မရှိတော့မရှိတဲ့စိတ် ရှာတဲ့စိတ်ကလေးဘာဆိုကြမယ်. . . (အနိစ္စပါဘုရား) အင်း ရှာတဲ့စိတ်ကလေး မရှိတာတွေ့လိုက်ရတော့. . . (မဂ္ဂပါဘုရား)။

ဒါဘာရှုတာတုံးလို့မေးတော့မှမနေ့ကဒကာ ဒကာမတွေ မှတ်မိကြသေးရဲ့လား ဘယ်စိတ်ရှုတာပါ၊ပေါ်မှကုံး

မေးတော့မှ အင်း. . . "သမောဟာစိတ္တံ သမောဟာစိတ္တန္တိ ပဇာနာတိ" လုပ်ခိုင်းတာ ဆရာဘုန်းကြီးက ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## မောဟာစိတ်ကိုဝိပဿနာအာရုံလုပ်

ပထမရှူလို့ဘာမှမပေါ်ဘူးဆိုတာ မောဟာစိတ်ပေါ် နေတာ. . . (မှန်ပါ) အဲဒီ မောဟာစိတ်ကလေးကိုပဲ ဘုန်းကြီး တို့ တစ်ခါတည်း ဝိပဿနာအာရုံလုပ်ပစ်လိုက်တဲ့အခါကျ တော့၊ ဘာကိုမှမသိတဲ့စိတ်ကလေး ဝိပဿနာရှုစရာရှာမတွေ့ တဲ့စိတ်ကလေးက ဘာစိတ်တဲ့. . . (မောဟာစိတ်ပါဘုရား)။

အဲဒီ မောဟာစိတ်ကလေးကလည်း သူ့အသက်တမ်း ဘယ်လောက်တုံး. . . (တစ် နှစ်ပါဘုရား) ဩော် တစ် နှစ် ဆိုရင် သူချုပ်သွားပြီ အဲဒီ ရှုစရာမရှိတဲ့စိတ်ကလေးကို နောက် ကပြန်ဉာဏ်နဲ့ကြည့်၊ ခုနက ရှာနေတဲ့စိတ် ရှိမရှိ. . . (မရှိပါ ဘူးဘုရား)။

မရှိတာဘာဆိုမယ်. . . (အနိစ္စပါဘုရား) အင်း. . . ရှာတဲ့စိတ်က. . . (မဂ္ဂပါဘုရား) သဘောကျပြီလား. . . (မှန်ပါ) မရှိတာက. . . (အနိစ္စပါဘုရား) ရှာတဲ့စိတ်က. . . (မဂ္ဂပါဘုရား) အဲဒီလိုလုပ်ပြီးသကာလ နေကြလို့ရှိရင်ဖြင့် နောက်တစ်ခါ ပြန်ကြည့်ပြန် မတွေ့၊ မတွေ့ ဒါပဲရှုပေး(မှန်လှ ပါ) ရှင်းပြီလား. . . (မှန်ပါ)။

ဘာရှုနေရမှာတုံး. . . (မတွေ့တာရှုနေရမှာပါဘုရား) မတွေ့တာပဲရှုနေတော့၊ မတွေ့တဲ့စိတ်ကလေးကိုသာ ဆိုရတယ် ကျုပ်တို့ဉာဏ်ကတော့ တွေ့နေတယ်၊ သူကတော့ဖြင့် မတွေ့ဘူးလို့သာထင်ရတယ် သူရှေ့ရှာလို့သာမတွေ့တာ သူသေတာကိုကျုပ်တို့ကတွေ့တယ်ရှင်းပြီလား . . . (မှန်ပါ)။

## စိတ္တာနုပဿနာ

သူရှေ့ရှာတော့ဘယ်နှယ်တုံး. . . (မတွေ့ပါဘူးဘုရား) သူသေတာကျတော့. . . (တွေ့ပါတယ်ဘုရား) ဒါဖြင့် ကျုပ်တို့ဘာနုပဿနာဖြစ်သွားတုံးလို့မေးတော့ စိတ္တာနုပဿနာ ဖြစ်သွားတယ်၊ ဓမ္မာနုပဿနာဖြစ်သွားတယ် ဆိုတာပေါ့ဗျာ. . . (မှန်ပါ)။

စိတ်ကလေး ချုပ်ပျက်တာသိသွားရင်. . . စိတ္တာနုပဿနာ၊ ပုတ်လား စိတ်ကလေး ဒုက္ခရောက်သွားတာသိရင်. . , ဓမ္မာနုပဿနာ၊ ရိပ်မိပြီလား. . . (မှန်ပါ) စိတ်ကလေး ဒုက္ခရောက်သွားတာသိရင်. . . (ဓမ္မာနုပဿနာပါဘုရား) စိတ်ကလေး ပျက်သွားတာသိရင်. . . (စိတ္တာနုပဿနာပါဘုရား)။

## ဓမ္မာနုပဿနာ

စိတ်ကလေး ဒုက္ခရောက်သွားတာသိရင်. . . (ဓမ္မာ

နုပဿနာပါဘုရား) အကုန်ပါမသွားဘူးလား မပါဘူးလား ဒကာဒကာမတို့. . . (ပါပါတယ်ဘုရား) ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

ဝိပဿနာရှုတတ်ပြီလား. . . (ရှုတတ်ပါပြီဘုရား) ရှုရှုချင်း ဘယ်စိတ်ပေါ်တတ်တုံး. . . (ဘာမှရှာမတွေ့တဲ့စိတ်ပေါ်တတ်ပါတယ်ဘုရား) ဘာမှရှာမတွေ့တဲ့စိတ်လာတတ်တယ်နော်. . . (မှန်ပါ) ရိပ်မိပြီလား။

## နောက်ဉာဏ်နဲ့ရှုပေးစမ်းပါ

ဝိပဿနာ ယောဂီများရှေးဦးစွာဘာလာတတ်တုံး . . . (ဘာမှရှာမတွေ့တဲ့ စိတ်ပါဘုရား) ဘာမှရှာမတွေ့တဲ့စိတ်လာပြီ၊ အဲဒီ ဘာမှရှာမတွေ့တဲ့စိတ်ကို ဘာလုပ်ရမှာတုံး နောက် ဉာဏ်နဲ့ရှုပေးစမ်းပါ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)

ရှုတတ်ပြီလား. . . (ရှုတတ်ပါပြီဘုရား) နောက်ဉာဏ်နဲ့ကြည့်တော့ ဘာမှရှာမတွေ့တဲ့စိတ်က ဘာဖြစ်သွားတုံး. . . (အနိစ္စဖြစ်သွားပါတယ်ဘုရား) အင်း. . . နောက်ဉာဏ်ကဘာဖြစ်သွားတုံး. . . (မဂ်ဉာဏ် ဖြစ်သွားပါတယ်ဘုရား)။

အဲတော့ ဘာရှုတာတုံးလို့မေးလို့ရှိရင်ဖြင့် "သမော ဟစိတ္တံ သမောဟစိတ္တန္တိ ပဇာနာတိ" လုပ်တာလို့မှတ်လိုက် သဘောကျပြီလား. . . (မှန်ပါ) ဘာတဲ့. . . (သမောဟစိတ္တံ သမောဟစိတ္တန္တိ ပဇာနာတိ ပါဘုရား) အင်း. . . ခင်ဗျားတို့ ဆေးတွေ့ရဲ့သားနဲ့ မစားတတ်လို့ ခက်သွားတာကိုး. . . (မှန်ပါ)။

## သမားတော်ကြီးဆရာပို

ဘာတဲ့. . . (ဆေးတွေ့ပြီးမစားတတ်တာပါဘုရား) ဆေးတွေ့လျက်နဲ့မစားတတ်လို့ ခက်သွားတယ်ဆိုတော့ ဘုန်းကြီးတို့ ဒီနန်းတော်ထဲမှာ ရှေးအခါတုန်းက မင်းတုန်းမင်းကြီး ရှိတယ် အဲဒီ မင်းတုန်းမင်းကြီးလက်ထက်က ဦးခင်မောင်တို့ မှီတဲ့ပုဂ္ဂိုလ်တွေ သမားတော်ဆရာပိုဆိုတာ ကြားဖူးကြမှာပေါ့။

အဲဒီဆရာပိုဆိုတာက ဟိုအမရပူရက အဲဒီဆရာပိုက တောင်သမန်တံတားကိုဖြတ်ပြီး မန္တလေးတောင်မြို့ဆိုတဲ့ ဒီ တောင်မြို့ကိုသွားဖို့ သူရှင်ဘုရင်ဆီနန်းတော်ဝင်ဖို့သွားတော့ လူတစ်ယောက်ဟာ သခွားသီးတောင်းကြီးထမ်းပြီးသကာလ တောင်သမန်တံတားဇရပ်ကလေးရှိတယ်။

အဲဒီဇရပ်ပေါ်မှာ သူထိုးအိပ်တယ် သူကလည်း

တပည့်တွေနဲ့လာတယ် ဟ! ဟိုလူကြည့်ကြပါဦးကွ ဘာမျှား ဖြစ်နေသတုံး ထိုးအိပ်နေရှာတယ်၊ သူ့ကြည့်ရတာလဲ မသက် သာဘူးထင်တယ် သွားမေးစမ်းတပည့်တွေဆိုတော့ သွားမေး တော့ ဒကာဒကာမတို့ လေနာထတယ်လို့ပြောလိုက်တယ်။

## လေနာထလို့သခွားသီးကျွေးတယ်

ခုနက သခွားသီးထမ်းတဲ့သူဟာ ဘာဖြစ်နေတုံး. . . (လေနာထနေပါတယ်ဘုရား) လေနာထတော့ သူထမ်းနိုင် သေးရဲ့လား. . . (မထမ်းနိုင်ပါဘုရား) မထမ်းနိုင်ပဲအိပ်နေ တော့ ဩော်. . . မသိတော့သိပ်ခက်တာပဲဟော့ ဆိုပြီးသကာ လ သူထမ်းလာတဲ့သခွားသီးကျွေးလိုက်စမ်းပါ ခွဲပြီးတော့ လေအားများလို့နာနေတာ သခွားသီးက လေဖြည့်ပေးလိုက် တော့ သူခဏလေးပဲလေနာပျောက်ပြီး သူ့တောင်းသူထမ်း သွားတာပဲ သဘောကျပြီလား. . . (မှန်ပါ)

ဘာပြုလို့တုံး. . . (ဆေးတွေ့လျက်နဲ့မသိလို့ပါ ဘုရား) ရှုစရာတွေ့လျက်သားနဲ့. . . (မသိလို့ပါဘုရား) ရိပ်မိ ပြီလား. . . (မှန်ပါ) ဒီမှာလဲ ဆေးပါရဲ့သားနဲ့မသောက်မိဘူး ဒါကြောင့်သူလေနာဝေဒနာခံစားနေရတာ ရိပ်မိပြီလား. . . (မှန်ပါ) ဘယ်လိုကြောင့်ပါလိမ့် (ဆေးပါလျက်သားနဲ့ မသိလို့ ပါဘုရား)။

ဆေး ဘယ်သူထမ်းလာတာတုံး. . . (သူထမ်းလာတာပါဘုရား) အင်း. . . သူထမ်းပြီး သူပဲလေနာထနေတယ် သူပဲလေနာထနေတာ ဒီပြင်ဆေးပဲ ရှာရဦးတော့မလိုကျမနေဘူးလား မသိတဲ့အတွက်က. . . (ကျပါတယ်ဘုရား)

အခုတော့ ဆရာပိုက လာတော့ သူ့ပါတဲ့သခွားသီးလေးခွဲပြီး ကျွေးလိုက်ပါဆိုတော့ လေအားပြည့်သွားတဲ့အခါကျတော့ လေကပိသွားပြီးတော့တစ်ခါတည်းသူ့သခွားသီးတောင်းကြီး ထ ထမ်းသွားတာပဲ ဒါဖြင့် သူ့ဆေးနဲ့သူပျောက်တာပေါ့ဗျ. . . (မှန်လှပါဘုရား) ဟုတ်ဘူးလား. . . (မှန်ပါ)။

## နိဗ္ဗာန်ရောက်တဲ့ဆေး

မသိတော့ဆေးမှန်းသိသေးရဲ့လား. . . (မသိပါဘူးဘုရား) သိတော့တစ်ခါတည်း ရောဂါမပျောက်ဘူးလား. . . (ပျောက်ပါတယ်ဘုရား) အင်း. . . ခင်ဗျားတို့လဲရှုတော့ရှုတယ်ဘုရား ဘာမှမတွေ့ ရှုစရာမရှိဘူး ဆိုလို့ရှိရင်ဖြင့် အဲဒိဘာမှမတွေ့တဲ့ဥစ္စာ ခင်ဗျားတို့၏ နိဗ္ဗာန်ရောက်တဲ့ဆေးဘဲ . . . (မှန်ပါ) ရိပ်မိပြီလား. . . (မှန်ပါ)။

ဘာမှမတွေ့တဲ့စိတ်ကလေးဟာ ဘာပါလိမ့်. . . (နိဗ္ဗာန်ရောက်တဲ့ဆေးပါဘုရား) အဲဒိစိတ်ကလေးကို ခင်ဗျား

တို့က ဘာမှမတွေ့တဲ့ စိတ်ရှာတော့ ရှာမိတာပဲ၊ ရှာမိတဲ့ စိတ်ကလေးဟာ ဘာမှမတွေ့ဘူး၊ မတွေ့တဲ့စိတ်ကလေးဟာ ဒကာဒကာမတို့ သူ့အသက်တမ်းကြည့်လိုက် ဘယ့်နှယ်ဆိုကြမတုံး. . . (တစ် နှစ်ပါဘုရား)။

တစ် နှစ်ဆိုတာ ဖြစ်ပျက်ပဲမနေဘူးလား. . . (နေပါတယ်ဘုရား) အဲဒီဖြစ်ပျက်ကို ခင်ဗျားတို့က နောက်ကနေ ဘာလုပ်ရမတုံး. . . (ဉာဏ်နဲ့ကြည့်ရမှာပါဘုရား) ဉာဏ်နဲ့ ကြည့်လိုက်တော့ မတွေ့တဲ့စိတ်က အနိစ္စဟုတ်လား ရှုတာက. . . (မဂ္ဂပါဘုရား) မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)

အဲတော့ ခင်ဗျားတို့သည် ဝိပဿနာအစ မတွေ့တဲ့ စိတ်က မှတ်ပေတော့ ရိပ်မိပြီလား. . . (ရိပ်မိပါတယ်ဘုရား) ဘယ်လိုမှတ်ကြ. . . (ဝိပဿနာအစ မတွေ့တဲ့စိတ်ကပါဘုရား) အေး. . . မတွေ့တဲ့စိတ်က စရှု ဝိပဿနာအစ ဘယ်ကစ ရှုကြမလဲ. . . (မတွေ့တဲ့စိတ်ကပါဘုရား)။

## ဆေးကိုဆေးမှန်းမသိလို့

အံမယ် တော်တော်ဆန်းတယ်လို့များ ခင်ဗျားတို့ အောက်မေ့နေသလား ဆန်းတာလား ဒီဥစ္စာခင်ဗျားတို့ ဆေး ဆေးမှန်းမသိလို့ ခုနက သခ္ခားသီးခွဲကျွေးနေရတာလား သာ မေးပေတော့. . . (ဆေး ဆေးမှန်းမသိလို့ပါဘုရား) ဆေး

ဆေးမှန်းမသိလို့ ပေးနေရတယ်ဆိုတာ ရိပ်မိပြီလား. . . (ရိပ်မိ ပါတယ်ဘုရား)။

ဩော်. . . ဒါကြောင့် ခင်ဗျားတို့ သံသရာရောဂါ သည်တွေဆိုတာ ဆေးပါတာကို ဆေးပါမှန်းမသိလို့ခက်နေတာ. . . (မှန်ပါ) သဘောကျပြီလား. . . (ကျပါတယ်ဘုရား) ကဲဒါဖြင့် ခုဆေးမှန်းသိပြီလား. . . (သိပါပြီဘုရား)။

ခင်ဗျားတို့ ဝိပဿနာ ထိုင်လိုက်တယ် ဘုရားလေး ရှိခိုး၊ မေတ္တာလေးပို့ပြီး ဝိပဿနာ ထိုင်လိုက်တော့ ဘာမှ ရှုစရာမတွေ့ဘူးဗျ အဲဒီဘာမှမတွေ့ဘူးဆိုတာသည် ဘယ်သူ ပါလိမ့်မတုံး အဝိဇ္ဇာ မောဟ သဘောကျပြီလား. . . (ကျပါတယ်ဘုရား) အဝိဇ္ဇာ မောဟမဟုတ်လား. . . (မှန်ပါ)။

## မောဟကအနိစ္စ

အဲဒါလေး ဘာလုပ်ပစ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါ ဘုရား) အဲဒါရှုပစ်လိုက်တဲ့၊ နောက်ဉာဏ်နဲ့ရှုပစ်လိုက်တော့ မောဟက အနိစ္စ. . . (မှန်ပါ) ရှုတာက ပညာမဂ္ဂ. . . (မှန်ပါ) ဒီလိုမသွားဘူးလား. . . (သွားပါတယ်ဘုရား)။

အဲတော့ ဒကာဒကာမတို့ ရှေ့မောဟကလည်း မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား) အင်း. . . နောက်က မဂ္ဂကလဲ ဒကာဒကာမတို့ မောဟနောက်ကလိုက်မဲ့ အဝိဇ္ဇာ

နောက်ကလိုက်မဲ့ သင်္ခါရဝိညာဏ်တွေကော ဖြတ်မပစ်လိုက်ဘူးလား. . . (ဖြတ်ပစ်လိုက်ပါတယ်ဘုရား)။

## အစကဖြတ်တဲ့တရား

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် အစကဖြတ်တဲ့တရားပါလား. . (မှန်ပါဘုရား) ရိုပ်မိပြီလား. . . (ရိပ်မိပါတယ်ဘုရား) ရှာလို့ မတွေ့တဲ့စိတ် ရှုရတာ ပဋိစ္စသမုပ္ပါဒ် ဘယ်ကနေပြတ်တုံး. . . (အစကနေပြတ်ပါတယ်ဘုရား) ဩော်. . . ဒါဖြင့်မတွေ့တဲ့ လူကသာ အဖိုးတန်ပါသေးလား ဘယ့်နှယ်ဆိုကြမတုံး. . . (မတွေ့တဲ့သူက အဖိုးတန်ပါတယ်ဘုရား) နောက်ဝိပဿနာ ရှုတိုင်းရှုတိုင်း မတွေ့လို့ရှိရင်ဘာလုပ်ကြမယ်. . . ( မတွေ့တဲ့ စိတ်ကို ရှုရမှာပါဘုရား)။

မတွေ့တာဘယ်သူကပြောတာတုံး. . . (သူကပြောတာပါဘုရား) အဝိဇ္ဇာကပြောနေတာ. . . (မှန်ပါ) ကျုပ်ဖြင့် ရှုတော့ ဘာမှမတွေ့ဘူး ဘယ်သူကပြောနေတာတုံး. . . (အဝိဇ္ဇာကပြောနေတာပါဘုရား) အဝိဇ္ဇာကပြောတော့ အဝိဇ္ဇာထင်ရှားရှိတယ်ဆိုတာ ခင်ဗျားတို့မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

အဝိဇ္ဇာဖြစ်မှန်းကောမသိဘူးလား. . . (သိပါတယ်ဘုရား) အဝိဇ္ဇာဖြစ်ပြီးသကာလ မတွေ့တဲ့စိတ် ရှိမရှိ ဒီနေ့တော့ ဆရာက ကူပေးတော့နောက်ကလိုက်လိုက်. . နောက်ကလိုက်လိုက်တဲ့အခါကျတော့ ဘယ့်နှယ် နေတုံး. . . (မရှိပါဘူးဘုရား) မရှိတာပဲ မဟုတ်လား. . . (မှန်ပါဘုရား)။

## ရှုတဲ့ဉာဏ်ကသိတဲ့မဂ္ဂ

ဒါဖြင့်အဝိဇ္ဇာက မရှိအနိစ္စဟုတ်လား နောက်ကရှုတဲ့ဉာဏ်က. . . (သိတဲ့မဂ္ဂ) သဘောကျပြီလား. . . (မှန်ပါ) အဝိဇ္ဇာက. . . (မရှိတဲ့အနိစ္စပါဘုရား)နောက်ဉာဏ်က. . . (သိတဲ့မဂ္ဂပါဘုရား)။

ဩော်. . . ဝိပဿနာအစဆိုတဲ့ ဥစ္စာက မသိတာက စရမှာပဲ ရိပ်မိပြီလား. . . (မှန်ပါ) ဒီထက်တော့ ဘယ်သူမှ မဟောနိုင်တော့ဘူးလို့ဆုံးဖြတ်ချက်ချ ဘယ်သူမှမဟောနိုင်ဘူး ဒါပြင်ဟာတွေ စာအုပ်ကြည့်ပြီး ဟိုဟောဒီဟော ဟောမှာပဲ ရိပ်မိပြီလား. . . (မှန်ပါ)

## သူ့သစ္စာသီးနဲ့သူ့ကျွေးတာ

မင်းကွာ မတွေ့ဘူးလား မင်းရှေ့ကဟာကြီးက ဘာတုံး ရှေ့ကသာထိုးပြနေမှာ ဟုတ်ဖူးလား ခုတော့ ရှေ့က

ဟာထိုးပြတာလား၊ သူ့ထဲကဟာ ထိုးပြတာလား. . . (သူ့ထဲကဟာထိုးပြတာပါဘုရား) သူ့သခွားသီးသူ့ကျွေးတာပါ . . . (မှန်ပါ) ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဘာကျွေးတာတဲ့. . . (သခွားသီးကျွေးတာပါဘုရား) ပျောက်ကဲ့လားရောဂါ. . . (ပျောက်ပါတယ်ဘုရား) ခင်ဗျားတို့လဲပျောက်ကဲ့လား. . . (ပျောက်ပါတယ်ဘုရား) ဘာရောဂါပျောက်သွားတုံး ပဋိစ္စသမုပ္ပါဒ်အစရောဂါကို ပျောက်သွားတယ် သံသရာရဲ့အစ ရောဂါကြီးကိုပျောက်သွားတယ် မပျောက်ဘူးလား. . . (ပျောက်ပါတယ်ဘုရား) အဝိဇ္ဇာက အနိစ္စ၊ ဝိဇ္ဇာက မဂ္ဂ ရှင်းပြီလား. . . (မှန်ပါ) အဝိဇ္ဇာက. . . (အနိစ္စပါဘုရား) ဝိဇ္ဇာက. . . (မဂ္ဂပါဘုရား) ပဋိစ္စသမုပ္ပါဒ် ဘယ်ကပြတ်တုံး. . . (အစက ပြတ်ပါတယ်ဘုရား)။

အစကပြတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဖြင့် အားလုံးပဲ ဦးဝင်းတို့လူစု ဦးဘအုန်းတို့လူစု စဥ်းစား အစက ပြတ်လို့ရှိရင်ဖြင့် ဒို့ ဒုက္ခအစကသိမ်းတာပဲ ဆိုနိုင်ပြီလား. . . (ဆိုနိုင်ပါတယ်ဘုရား) ဒုက္ခဘယ်ကနေသိမ်းတာတုံး. . . (အစကနေသိမ်းတာပါဘုရား)

ဪ. . . ဒါဖြင့် ဒီအရေးဟာ ဒကာဒကာမတို့ သိပ်အဖိုးတန်ပါလားဆိုတာ ပေါ်လာပြီလား. . . (ပေါ်လာပါပြီဘုရား) ရှင်းကြရဲ့လား. . . (ရှင်းပါတယ်ဘုရား) ဝိပဿနာ

ရှုတဲ့အခါ ဘယ်ကစကြမယ်. . . ဘယ်ကစမှာတုံး အသေအချာရှင်းအောင်ပြော. . . (ဘာမှမတွေ့တဲ့စိတ်ကပါဘုရား) ဟာ. . . မတွေ့တဲ့စိတ်ကစရှု။

## မတွေ့တဲ့စိတ်ကိုရှုပါ

ဝိပဿနာအစဟာ ဘယ်သူပဲဖြစ်ဖြစ် မတွေ့ဘူးပဲ ပြောမှာချည့်ပဲ အဲဒီမတွေ့တဲ့စိတ်သာရှုချ၊ ဝိပဿနာစရှုတဲ့ ပုဂ္ဂိုလ်များ ဘယ့်နှယ်ဖြစ်တတ်တုံး. . . (မတွေ့တဲ့စိတ်ဖြစ်ပါတယ်ဘုရား) အင်း. . . တပည့်တော်ဖြင့် အနိစ္စလဲမတွေ့ ဘူး ဒုက္ခလဲမတွေ့ဘူးဆိုလို့ရှိရင် ရှေ့နားကဟာတွေ လျှောက်ရှာနေတာကိုးဗျာ. . . (မှန်ပါ) မျက်စိအောက်ရောက်နေတာ ဝမ်းထဲ ရောက်နေတာတော့ သူမရှုမိဘူး ရှေ့ပိုင်းသာလျှောက်ကြည့်နေတယ် တကယ်ဖြစ်တဲ့နေရာ ရောက်ကဲ့လား. . . (မရောက်ပါဘူးဘုရား)။

အခုတော့ ပြောတာက ဘယ်ရောက်သွားတုံး၊ တကယ် ခင်ဗျားတို့သန္တာန် ပေါ်လာတဲ့တရားကို ဧဟိပဿိကော ဟောနေတာ. . . (မှန်ပါ) ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား) ဘာဟောနေတာတုံး. . . (ဧဟိပဿိကော ဟောနေတာပါဘုရား)။

ဇဟိ လာခဲ့ ပဿ ရှုပါတဲ့၊ မသိတဲ့စိတ်က ကျုပ်ရှုပါတဲ့ ခင်ဗျားတို့ဒိပြင်ဟာရှာနေ ခင်ဗျားတို့မောနေမယ်တဲ့ သဘောကျပြီလား. . . (မှန်ပါ) တခြားဟာရှာနေရင်ဘာတဲ့ . . . (မောနေမှာပါဘုရား)။

## အဝိဇ္ဇာကဘယ့်နှယ်ခေါ်လိုက်သတုံး

အင်း. . တခြားဟာရှာနေရင် မောနေမယ်တဲ့ အဝိဇ္ဇာက ဘယ့်နှယ်ခေါ်လိုက်သတုံး. . . (ဇဟိပဿိကော) ဇဟိပဿိကော. . . (မှန်လှပါဘုရား) ကျုပ်ပဲ့ရှု၊ ခင်ဗျားတို့ ဒိပြင်ဟာရှာနေလို့ရှိရင် သံသရာရှည်နေမယ် သဘောကျပြီ လား. . . (မှန်ပါ)။

ဒီထက်မှန်တဲ့တရားတော့ ဒကာဒကာမတို့ ဝိပဿနာအစမှာဖြင့် မရှိတော့ဘူး၊ ကဲရှုတတ်ကြပြီလား. . . (ရှုတတ်ပါတယ်ဘုရား) ဒါသနားလို့ အသေအချာပြောနေတာနော် . . . (မှန်ပါ)။

ဒါ ဘာနုပဿနာတုံးလို့ မေးတဲ့အခါကျတော့ကို "သမောဟစိတ္တံ သမောဟစိတ္တန္တိ ပဇာနာတိ" သဘောကျပြီလား. . . (မှန်ပါ) သမောဟစိတ္တံ သမောဟစိတ်ဖြစ်ပျက်ကို ပဇာနာတိ နောက်ကပညာနဲ့သိ၊ စိတ္တာနုပဿနာပဲ ပြန်ဟောတာပဲတဲ့. . . (မှန်ပါ)။

တွေ့သယောင်ယောင်ဆိုလို့ရှိရင် ဟိုစိတ်ကိုသွား ရှုမနေနဲ့ တွေ့သယောင်ယောင်စိတ်ကိုရှု. . . (မှန်ပါ) ရှေ့က ဟာမရှုနဲ့နော် ဦးဘတင် အဇ္ဈတ္တ နေစမ်းပါ ဒကာဒကာမတွေ ဘယ်မင်္ဂကြောင့် (အဇ္ဈတ္တမင်္ဂကြောင့်ပါဘုရား)။

အဇ္ဈတ္တမင်္ဂက တွေ့သယောင်ယောင်မလာဘူးလား . . . (လာပါတယ်ဘုရား) လာတော့ဘာရှုမယ်. . . (တွေ့ သယောင်ယောင်စိတ်ပါဘုရား) တွေ့သယောင်ယောင်က ဘာစိတ်ပါလိမ့်. . . (ဝိစိကိစ္ဆာစိတ်ပါဘုရား) အေး တွေ့သယောင်ယောင်က ဝိစိကိစ္ဆာစိတ်။

ဝိစိကိစ္ဆာစိတ်ဆိုတဲ့ဉစ္စာ ဝိစိကိစ္ဆာ ဝိစိကိစ္ဆာလို့ရှုပေး နေလို့ရှိရင်လဲ ဒါ ခင်ဗျားတို့ ဝိစိကိစ္ဆာက ဝိစိကိစ္ဆာအဖြစ်နဲ့ မပြတော့ဘူး ဝိစိကိစ္ဆာက အနိစ္စလက္ခဏာ ဒုက္ခသစ္စာပြတယ် မပြဘူးလား. . . (ပြပါတယ်ဘုရား) နောက်ကရှုတာက မဂ္ဂ သစ္စာမပြဘူး.ဘား. . . (ပြပါတယ်ဘုရား)။

## ရှုစရာကအနိစ္စ၊ ရှုတာကမဂ္ဂ

ကိုင်းဒါဖြင့် ရှုစရာက အနိစ္စ၊ ရှုတာကမဂ္ဂ၊ ရှုစရာက . . . (အနိစ္စ) ရှုတာက. . . (မဂ္ဂပါဘုရား) ဒါကြောင့် ဝိပဿ နာရှုတဲ့အခါ ဩော်. . . နည်းနည်းနေရာကျပြီထင်တယ်ဆို ရင် နည်းနည်းနေရာကျတဲ့စိတ်ကို ရှုပစ် သဘောကျပြီလား . . . (မှန်ပါ)။

နည်းနည်းနေရာကျပြီထင်တယ်ဆိုတော့ ဘာစိတ်လာတုံး. . . နည်းနည်းနေရာကျပြီလို့ထင်တာပဲ ဆုံးဖြတ်ချက်ကျတာ မဟုတ်ဘူး သဘောကျပြီလား. . . (မှန်ပါ)။

အဲတော့ ဘာဆိုကြမယ်. . . (နည်းနည်းနေရာကျ ပြီထင်တဲ့စိတ်ကိုရှုရမှာပါဘုရား) အဲဒီစိတ်ကိုရှုပါ. . . (မှန်ပါ) ဦးဝင်း ဘယ်စိတ်ရှုမှာပါတော့. . နောက်ကဒကာဒကာမတွေ ကော ဘယ်စိတ်ရှုရမှာတုံး. . . (နည်းနည်းနေရာကျတဲ့စိတ် ကိုရှုရမှာပါဘုရား)။

နည်းနည်းနေရာကျတဲ့စိတ်ရှု အံမယ် နည်းနည်းနေရာကျတယ်ဆိုတာ ဘယ်သူကများပြောတာထင်တုံး ဝီစိကိစ္စာကဝင်လုပ်နေတာ မပြောဘူးလား. . . (ပြောပါတယ်ဘုရား) ဝိပဿနာရှုရတာဘုရား နည်းနည်းနေရာကျလာတယ်ထင်ရတယ်ဘုရား ဆိုရင် ဟိုရှုမနေနဲ့ အဲဒီ နည်းနည်းနေရာကျလာတဲ့စိတ် ရှိမရှိသာ အကဲခတ်၊ ရှင်းပြီလား. . . (မှန်လှပါဘုရား) အကဲခတ်တတ်ပြီလား. . . (ခတ်တတ်ပါပြီဘုရား)။

## ဝိပဿနာအစသည် မတွေ့တာက

ဝိပဿနာအစသည် မတွေ့တာကအစ၊ နည်းနည်းနေရာကျတာက စ. . . (မှန်ပါ) ခင်ဗျားတို့ ဝိပဿနာစချင်တဲ့ပုဂ္ဂိုလ် ဒီကသာစပေတော့၊ မတွေ့ပဲနေသေးသလား တွေ့သလား. . . (တွေ့လာပါတယ်ဘုရား) အံမလေး အတော်ဟော

ရပါလားဗျ။

နို့မဟုတ်လို့ရှိရင်ဖြင့် ခင်ဗျားတို့က ပါရမီရှိတယ် တပည့်တော် မထင်ပါဘူးဆိုတော့၊ အဲဒီ ပါရမီမရှိဘူးထင်တဲ့ စိတ်ကိုရှုပစ်ရမှာ ရိုပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဘယ်ဟာရှုရမှာတုံး. . . (ပါရမီမရှိဘူးထင်တာပါ ဘုရား) ပါရမီမရှိဘူးလို့ထင်တယ်ဆိုတာ အဝိဇ္ဇာကပြောနေ တာ ရှင်းပလား. . . (ရှင်းပါပြီဘုရား) ဘယ်သူကပြောတာတုံး . . . (အဝိဇ္ဇာကပြောတာပါဘုရား) ဒါဖြင့် အဝိဇ္ဇာ ရှုလိုက်ပါလားဗျ. . . (မှန်ပါ)။

အဝိဇ္ဇာက အနိစ္စ ရှုတာက. . . (မဂ္ဂပါဘုရား) အဲတော့ ခင်ဗျားတို့ ရှေးကပြောတဲ့ စကားတွေနဲ့တော့ အားကြီးကွာသွားပြီ. . . (မှန်ပါ) မကွာဘူး လား. . . (ကွာပါ တယ် ဘုရား) ဒါလုံလောက်ကဲ့လားလို့မေးတော့ သေသေ ချာချာ ပါဠိတော်ထဲမှာ လုံလောက်တယ် ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ပါဠိတော်က မလုံလောက်ဘူးလား. . . (လုံ လောက်ပါတယ်ဘုရား) သူလဲ သာမောဟစိတ်ပဲ၊ ဝိစိကိစ္ဆာ ပဲ ရိုပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား) ကိုင်း ဒကာဒကာမတို့ ခန္ဓာကိုယ် သုံးသပ်လိုက်တော့ဆိုတော့ ခန္ဓာကိုယ် သုံးသပ်ပါ ဆိုတာ အပြင်ဘက်လျှောက်ပြီးသုံးသပ်နေလို့ ရှိရင်တော့ လွဲ လိမ့်မယ် အဇ္ဈတ္တ သုံးသပ်လိုက်. . . (မှန်ပါ) ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ပင်ပန်းတာကဒေါသစိတ်

အတွင်းသုံးသပ်လိုက်တော့ လိုရင်းမတွေ့ပေဘူလား . . . (တွေ့ပါတယ်ဘုရား) ကိုင်းဒါဖြင့် ဒကာ့ဒကာမတို့ ဝိပဿနာရှုရင်း မတ္တနဲ့ တပည့်တော်တော့ စိတ်ကိုပျက်လာတာပဲ၊ ဘာဖြစ်လို့စိတ်ပျက်တာတုံး၊ စိတ်ပျက်တာပေါ့ဘုရား ပင်ပန်းလို့သာနေတယ် ဘာမှမတွေ့ဘူးဆိုရင် ပင်ပန်းတာရှု။

ဘယ်သူ့ ရှုရမှာတုံး. . . (ပင်ပန်းတာရှုရမှာပါဘုရား) ပင်ပန်းတာက ဒေါသကိုးဗျ. . . (မှန်ပါ) သဒေါသစိတ်၊ ပင်ပန်းတာစာမှတ်ကြမတုံး. . . (သဒေါသစိတ်ပါဘုရား) အဲဒိဒေါသစိတ်ကို ဘာလုပ်ရမှာတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဩော်. . . ဒကာ့ဒကာမတွေက ခက်လိုက်တာ ခင်ဗျားတို့က ရှေ့ကိုသာ အသေအလဲကြည့်နေကြတာကိုး ဝိပဿနာက ဒီနားကပ်နေတယ် ရိပ်မိပြီလား. . . (မှန်ပါ)။

## ရှေ့လောကြီးနေတယ်

ခင်ဗျားတို့က ဘယ်လောကြီး နေသတုံး. . . (ရှေ့လောကြီး နေပါတယ်ဘုရား)ရှေ့လောကြီးနေတယ် ဝိပဿနာက နောက်နားမှာ ခင်ဗျားတို့ကရှေ့ကြည့်နေတယ် ရှေ့ကြည့်တော့မတွေ့ဘူးဘုရား စိတ်ကိုပျက်နေတာပဲ

ခင်ဗျားတို့လောက အသုံးအနှုန်းနဲ့ ဖြစ်စဉ်နဲ့ ရှင်းအောင်မလုပ်တတ်လို့သာ ဝိပဿနာရှုရတာသိပ်ခက်တာပဲ ထိုင်သာနေရတာ တပည့်တော်တို့ဖြင့် နာရီဝက်လောက်ရှိပြီ ဘာမှမတွေ့ဘူး အံမယ်လေး ခက်လိုက်တာ ခုတော့သဘောကျပြီလား. . . (မှန်ပါ)

ဘာမှမတွေ့ဘူးလား တွေ့သလား. . . (တွေ့ပါတယ် ဘုရား) ဘာတွေ့တုံး. . . (မတွေ့တဲ့စိတ်ပါဘုရား) မတွေ့တဲ့စိတ်သာရှု ဒကာဒကာမတွေရ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဘာရှုကြမှာတုံး. . . (မတွေ့တဲ့စိတ်ရှုမှာပါဘုရား) မတွေ့တာ ဘယ်သူကမတွေ့တာတုံး ပြောပါဦး. . . (အဝိဇ္ဇာပါဘုရား) ဒီအဝိဇ္ဇာ ဖြစ်ပျက်ရှုလိုက်ပါလားဗျ. . . (မှန်လှပါ) ဟုတ်ဘူးလား။

ဘုရားကလဲ ရှုရမယ်ပြောလား၊ မရှုရဘူးပြောလား . . . (ရှုရမှာပါဘုရား) အင်း သမောဟစိတ္တံ သမောဟစိတ္တန္တိ ပဇာနာတိ ကဲ သူ့ပါဠိတော်ထဲဝင် မဝင်. . . (ဝင်ပါတယ်ဘုရား) ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။

အံမယ်လေး ဒီဥစ္စာမနေ့ကလဲ ရေရေလည်လည်ပြောတယ်နော်. . . (မှန်လှပါ)ဒီနေ့လဲအိမ်ကျတော့ခင်ဗျားတို့ ထိုင်ကြည့်စမ်းပါအားလုံးဒကာဒကာမတွေ အိမ်ကျတော့

ဘုရားရှေ့မှာထိုင်နေဘ် ထိုင်တဲ့အခါကျလို့ရှိရင် ရှေးဦးစွာ ဘာလာမယ်ထင်တုံး. . . (မတွေ့တဲ့စိတ်လာမှာ ပါဘုရား)။

မတွေ့တဲ့စိတ်လာရင် ခင်ဗျားတို့က ဘယ်လိုလုပ်မှာ တုံး(ဖြစ်ပျက်ရှုမှာပါဘုရား) မတွေ့တဲ့စိတ်သာရှု. . . (မှန်ပါ) ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

နောက်တစ်ခါ ရှာပြန်တော့မတွေ့ပြန်ဘူး၊ ဘယ့်နှယ် ဆိုမယ် ထပ်ရှုသြော်. . . မတွေ့လေကောင်းလေ ဘယ့်နှယ် နေကြတုံး. . . (မတွေ့လေကောင်းလေပါဘုရား) မတွေ့လေ ကောင်းလေပဲ မတွေ့လေ သူ့သည်ကားရှုစရာပေါ် လေလေပဲ။

တွေ့နေလို့ရှိရင် ဟိုလိုက်ဒီလိုက် လိုက်နေရဦးမယ် ခုဟာက မတွေ့တဲ့စိတ်ချည့်ရှုနေတော့ ဘယ်ပြေးဦးမတုန်းဗျ . . . (မပြေးပါဘူးဘုရား) ကိုမြရွှေ ပြေးသေးရဲ့လား. . . (မ ပြေးပါဘူးဘုရား) ရှင်းကြရဲ့လား. . . (ရှင်းပါတယ်ဘုရား)။

## ခန္ဓာကိုယ်အတွင်းသုံးသပ်ပါ

ဒါဖြင့် ခန္ဓာကိုယ်ကိုသုံးသပ်ပါဆိုတော့ ခင်ဗျားတို့က အပြင်ဘက်ကနေသုံးသပ်တာ အတွင်းမသုံးသပ်ပဲကိုးဗျ. . . (မှန်ပါ) ဘယ်သုံးသပ်နေတုံး. . . (အပြင်သုံးသပ်နေပါတယ် ဘုရား) အပြင်သုံးသပ်နေတယ်။

သုံးသပ်ရမှာက. . . (အတွင်းသုံးသပ်ရမှာပါ ဘုရား) ဒါကြောင့် "အဇ္ဈတ္တံဝါ ဗဟိဒ္ဓဝါ" အဇ္ဈတ္တ အရင်သုံးသပ်ကွ၊ ဗဟိဒ္ဓ နောက်မှသုံးသပ် ဆိုတော့ ခင်ဗျားတို့က ဗဟိဒ္ဓ သုံးသပ်နေတာကိုးဗျ. . . (မှန်ပါ)။

ဘုရားက ဘယ်အရင်သုံးသပ်ရမှာတုံး. . . (အဇ္ဈတ္တ အရင်သုံးသပ်ရမှာပါဘုရား) အဲဒီကစပြီး ကမ္မဋ္ဌာန်းကလွဲနေတာ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား) သဘောပါကြရဲ့လား . . . (ပါပါတယ်ဘုရား)။

ခင်ဗျားတို့ဘုရားက အဇ္ဈတ္တ နဲ့ ဗဟိဒ္ဓ ဘယ်ဟာအရင် သုံးသပ်ရမှာတုံး. . . (အဇ္ဈတ္တပါဘုရား) ခင်ဗျားတို့က ကမ္မဋ္ဌာန်းရှာနေတယ် ဆိုတော့ ဘယ်သုံးသပ်နေတုံး . . . (ဗဟိဒ္ဓပါဘုရား) အဲဒီကတည်းက ငါးပါးမှောက် တာပဲ၊ မမှောက်သေးဘူးလား. . . (မှောက်ပါတယ်ဘုရား)။

## ရှက်လို့တွေ့တယ်ပြောပြီးပြန်ခဲ့တယ်

အဲဒါကြောင့် ခင်ဗျားတို့ အမှားဆရာတွေနဲ့တွေ့မှာ ဆရာကောင်းနဲ့ မတွေ့ဘူးဆိုရင်ဖြင့် ကျုပ်ဖြင့် ခုနစ်ရက်သာ နေခဲ့ရတာ ဘာမှမတွေ့ဘူးဗျာ၊ မေးတာ ရှက်တာနဲ့တွေ့ တယ် ပြောပြီးပြန်ခဲ့တာပဲ အင်း. . . ဒီလိုကရှိသေး ရိပ်မိပြီ လား. . . (မှန်ပါ)။

ကဲ ဒါဖြင့် ခု ဒီလိုရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား) ခုဘာရှုမယ်. . . (မတွေ့တာရှုမှာပါဘုရား) မတွေ့တာရှု မတွေ့တော့၊ တွေ့သယောင်ယောင်လေး ဖြစ်ပြန်တယ် ဆိုတာကော မလာဘူးလား. . . (မှန်ပါ) တွေ့သယောင် ယောင်စိတ်ကိုရှု. . . (မှန်ပါ) သဘောကျပြီလား. . . (မှန်ပါ)။

ဘာရှုမယ်. . . (တွေ့သယောင်ယောင်စိတ်ရှုရမှာ ပါဘုရား) တွေ့သယောင်ယောင်ဆိုတာ ဝိစိကိစ္ဆာ ပေါ်လာ တာ ဒါပဲလား အနိစ္စဆိုတာ ဟုတ်မှဟုတ်ကဲ့လား အဲဒီစိတ် ရှုပစ်လိုက်. . . (မှန်ပါ) ရှင်းပြီလား. . . (မှန်ပါ)။

## ဝိစိကိစ္ဆာစိတ်ဖြစ်ပျက်ရှု

မတွေ့တဲ့စိတ်ရှုပြီးလို့ရှိရင် တွေ့သယောင်ယောင် လာတယ်. ဘယ်စိတ်ရှုမှာတုံး. . . (တွေ့သယောင်ယောင် လာတဲ့စိတ်ကိုရှုမှာပါဘုရား) တွေ့သယောင်ယောင်စိတ်က ဘာစိတ်ဆိုကြမယ်. . . (ဝိစိကိစ္ဆာပါဘုရား) ဝိစိကိစ္ဆာစိတ်တဲ့ ရိပ်မိပြီလား. . . (မှန်ပါ)။

တွေ့သယောင်ယောင်စိတ် ဘာစိတ်ခေါ်ကြမှာတုံး . . . (ဝိစိကိစ္ဆာစိတ်ပါဘုရား) အဲဒီဝိစိကိစ္ဆာစိတ်ကို ဘာလုပ်ရမှာတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား) ဖြစ်ပျက်ရှု လိုက်တော့ ဝိစိကိစ္ဆာက အနိစ္စ ဖြစ်ပျက်ရှုတာက (မဂ္ဂပါ ဘုရား)။

ပျော်လာရင်ကော. . . (ပျော်တဲ့စိတ်ရှိရမှာပါ ဘုရား) ထပြန်ချင်ရင်ကော. . . (ထချင်တဲ့စိတ်ရှိရမှာ ပါဘုရား) ထချင်တဲ့စိတ်ရှိတဲ့ ရိုပ်မိပြီလား အကုန်ရှိရမှာပဲ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## ဆန်းလွန်းလှတဲ့ဝိပဿနာ

ဒါဖြင့် ဒကာဒကာမတွေ ဝိပဿနာအစဟာ ဘယ်ကတုံး. . . (မတွေ့တာကပါဘုရား) မတွေ့တာကစ ဩော် မင်းတို့ ဝိပဿနာဆန်း ဆန်းလွန်းလှတယ်လို့ ကာရံ ရွေးနေလို့ရှိရင် အကုန်လုံးနဲ့ရန်ဖြစ်ရလိမ့်မယ် သဘောမပါရင် လေ. . . (မှန်ပါ)။

သဘောပါတဲ့ပုဂ္ဂိုလ်ဆိုရင်တော့ ဩော်ဟုတ်ပေသား ပဲလို့လိုက်မှာပဲ၊ သဘောမပါရင်တော့ ဝိပဿနာအစမတွေ့ တာကစတယ်ဆိုတော့ တယ်ဆန်းပါလားလို့ ဆိုချင်မဆိုပေ ဘူးလား. . . (ဆိုပါတယ်ဘုရား)

မတွေ့တဲ့စိတ်ကလေး ဘယ်စိတ်တုံး. . . (အဝိဇ္ဇာပါ ဘုရား) အဝိဇ္ဇာပေါ်လာတော့ အဝိဇ္ဇာရှိခိုင်းတော့ ပဋိစ္စသမုပ္ပါဒ် အစကနေ မပြတ်ဘူးလား. . . (ပြတ်ပါတယ် ဘုရား)။

ဒါကအဝိဇ္ဇာထားပါတော့ ဒါမတွေ့တဲ့စိတ်ကလေး ဝမ်းထဲပေါ်နေတယ် ဒကာဒကာမတွေ သန္တာန် ဒကာဒကာမ

တွေက ရှေ့ရှုနေတာကိုဗျ ရှေ့သာလျှောက်ကြည့်နေတယ်။

ရှုတော့ဒီအထဲကဖြစ်ပျက်ကလဲ မတွေ့တော့ ဘယ်သူကမတွေ့တာတုံးဆိုတော့ အဝိဇ္ဇာက မတွေ့တာ ဟုတ်ပြီလား. . . (မှန်ပါ) အဲတော့ ဒီအဝိဇ္ဇာလေးရှုလိုက်ပါလေ၊ အဝိဇ္ဇာကို နောက်ဉာဏ်က ရှုလိုက်တဲ့အခါကျတော့ ဘယ့်နှယ် နေကြတုံး. . . အဝိဇ္ဇာကအနိစ္စ ရှုတာက. . . (မဂ္ဂပါဘုရား)။

## သင်္ခါရနိရောဓော ဆိုတာမဂ်

ရှုတာက ဒီဘက်ကလာတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာလုပ်သေးရဲ့လား. . . (မလုပ်ပါဘူးဘုရား) အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော ဆိုတော့ မဂ်ပဲပေါ်တာ သင်္ခါရဖြတ်တာဒီမဂ်ပဲ "ကုသလံ ကုသလံ ဇဟံ" ဆိုတာသူပဲ၊ ရိပ်မိပြီလား. . . (ရိပ်မိပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာနိရောဓာ ဘယ့်နှယ်ဆိုမတုံး. . . (သင်္ခါရနိရောဓောပါဘုရား) အဝိဇ္ဇာနိရောဓာဆိုတာက ဖြစ်ပျက်၊ သင်္ခါရနိရောဓောဆိုတာက မဂ်၊ ဒီထက်တော့ခိုင်လုံတာမရှိတော့ဘူး ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာနိရောဓာကဖြစ်ပျက်၊ အင်း. . . သင်္ခါရနိရောဓောကမဂ်၊ ခင်ဗျားတို့လျှောက်သာရွတ်နေတာကိုး ခက်နေတာကိုးဒီလိုဖြစ်နေတာကို ရှုမှမရှုပဲနဲ့ အင်း. . . ဘုရားကတော့

ဗောဓိပင်နှင့်ရွှေပလ္လင် အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော၊ ဒို့လဲသူ့လိုဖြစ်အောင်လုပ်ဦးမယ်၊ ရွတ်သာနေတယ် လုပ်ကို မလုပ်ဘူး. . . (မှန်ပါ) ဟုတ်လား။

## ရွတ်ဖို့လား လုပ်ဖို့လား

ရွတ်ဖို့ရာလား၊ လုပ်ဖို့ရာလား. . . (လုပ်ဖို့ပါဘုရား) သူက အဝိဇ္ဇာချုပ်မှ သင်္ခါရချုပ်မှာကွ ဆိုတော့ ကျုပ်တို့က အဝိဇ္ဇာကို တစ်ခါတည်းကိုပဲ ဝိပဿနာရှုတဲ့စိတ် ဘာမှမတွေ့တဲ့စိတ်ကို ရှုချလိုက်တယ်။

ရှုချလိုက်တော့ အဝိဇ္ဇာဘာဖြစ်သွားတုံး. . . (ချုပ်သွားပါတယ်ဘုရား) အဝိဇ္ဇာချုပ်သွားတယ် မချုပ်ဘူးလား. . (ချုပ်ပါတယ်ဘုရား)

ချုပ်သွားတာဖြစ်ပြီးပျက်သွားတာ သူမချုပ်သေးဘူးလား. . . (ချုပ်ပါတယ်ဘုရား) ချုပ်တာသူကမသိဘူးလား. . (သိပါတယ်ဘုရား) သိတာဘာဆိုကြမယ်. . . (မဂ္ဂပါဘုရား)

မဂ္ဂဆိုတော့၊ အဝိဇ္ဇာနိရောဓာ. . . (သင်္ခါရနိရောဓောပါဘုရား) အဝိဇ္ဇာနိရောဓာက အဝိဇ္ဇာချုပ်တာကိုးတဲ့. . (မှန်လှပါ) သင်္ခါရနိရောဓောဆိုတော့ ဒီနေရာသင်္ခါရလာသေးသလား မလာဘူးလား. . . (မလာပါဘူးဘုရား)။

မလာတော့ သင်္ခါရနိရောဓော မဂ် ရှင်းပြီလား. . . (ရှင်းပါပြီဘုရား) သင်္ခါရဆုံးအောင်လုပ်တာ. . . (မဂ်ပါဘု

ရား) ခင်ဗျားတို့က ဒီဉာဏ်လုပ်ရမှာ တောင်ရမ်းမြောက်ရမ်း ရမ်းနေလို့ခက်နေတာ ကဲ ဒီနေ့ရမ်းချင်သေးလား. . . (မရမ်းချင်ပါဘူးဘုရား)။

ကိုမြရွှေကော. . . (မရမ်းချင်ပါဘူးဘုရား) နောက်က ဒကာဒကာမတွေကော ရမ်းချင်သေးရဲ့လား. . . (မရမ်းချင်ပါဘူးဘုရား) မရမ်းချင်ရင် ဝိပဿနာရှုရင်ဘယ်က စကြမယ် . . . (မတွေ့တာကစရမှာပါဘုရား)။

မတွေ့တာဘယ်သူတုံး. . . (အဝိဇ္ဇာပါဘုရား) မတွေ့တဲ့စိတ်ကို နောက်ကဉာဏ်နဲ့ကြည့်ရမယ် ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ မတွေ့တဲ့စိတ်က ဘာပြောသွားတုံး. . . (အနိစ္စပြောသွားပါတယ်ဘုရား)။

## ဖြစ်ပြီးပျက်သွားတာအနိစ္စ

အင်း. . . ဖြစ်ပြီးပျက်သွားတော့ အနိစ္စမဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား) ရှုတာက ဘာဆိုကြမယ်. . (မဂ္ဂပါဘုရား) အဲ ပါဠိတော်ထဲသွင်း အဝိဇ္ဇာနိရောဓော. . . (သင်္ခါရနိရောဓောပါဘုရား)။

အဝိဇ္ဇာနိရောဓောက အဝိဇ္ဇာချုပ်တာ. . . (မှန်ပါ) မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား) ခုဖြစ်ပြီး ပျက်ရတာ ချုပ်တာပေါ့ဗျာ. . . (မှန်ပါ)။

သဘောကျပြီလား. . . (မှန်ပါ)။

မတွေ့တဲ့ပုဂ္ဂိုလ် ဘာဖြစ်တုတ်တုံး. . . (စိတ်ပျက်တတ်ပါတယ်ဘုရား) အဲတော့ဘာရှုမတုံး စိတ်ပျက်တာသာရှု ဒေါသတွေဘာတွေ လုပ်မနေပါနဲ့ဦး ရှုပ်ကုန်ဦးမယ် ဘာရှုကြမတုံး. . . (စိတ်ပျက်တာရှုမှာပါဘုရား) စိတ်ပျက်တာရှု။

"သဒေါသစိတ္တံ သဒေါသစိတ္တန္တိ ပဇာနာတိ" ပဲ ဒါနုတဲ့ ဝိပဿနာဆိုတာ ဒကာဒကာမတွေမှတ်ထားစမ်းပါ နုသလား . . . (နုပါတယ်ဘုရား)။

## နိဗ္ဗာန်သွားမည်လမ်းမမြင်

စိတ်ပျက်တယ် ဝိပဿနာရှုရတာ တပည့်တော်တို့ ပါရမီကလဲ ဘာမှန်းလဲမသိဘူး စိတ်သာပျက်နေတာမဲတဲ့ လိုချင်တာကလဲ နိဗ္ဗာန်အလွန်ပဲ ရှုနေတာပဲ တပည့်တော်တို့က နိဗ္ဗာန်သွားမည့်လမ်းကို မမြင်ဘူးဗျ အိုမမြင်ရင် မမြင်တာရှုပါ။

ဒီလိုမဟုတ်လား. . . (မှန်ပါ) မမြင်ရင် မမြင်တာဟာ အဝိဇ္ဇာပဲ. . . (မှန်လှပါ) သဘောကျပြီလား ရှုရင်းမတ်တတ်နဲ့ စိတ်ကိုပျက်နေတယ်ဆိုရင်ကော. . . (စိတ်ပျက်တာကို ရှုရမှာပါဘုရား) စိတ်ပျက်တာရှု။

အံမယ် ဒကာဒကာမတွေ ယနေ့တရားထူးတော့ ခင်ဗျားတို့အသေအချာရပြီ မရပဲခံနိုင်သေးလား. . .

(မခံနိုင်ပါဘူး ဘုရား) ဘယ်သူ့ သန္တာန်ရှိတာတုံး. . . (ကိုယ် သန္တာန်ကိုယ်ရှိတာပါဘုရား)။

## ကျုပ်ရှပါ ကျုပ်ရှပါလို့ခေါ်နေတာ

ကိုယ်သန္တာန်ရှိတော့လဲ ဘုရားက ဒီတရားတွေဟာ တခြားတရားတွေ မဟုတ်ပါဘူးတဲ့ကွ ဧဟိပဿိကောတွေပါ တဲ့. . . (မှန်ပါ) သူတို့ကလာလာပြီး အဝေးရှုမနေနဲ့ကျုပ်ရှု မခေါ်ဘူးလား. . . (ခေါ်ပါတယ်ဘုရား)

ခေါ်ရဲ့သားနဲ့ မကြားချင်ယောင်ဆောင်နေလို့ခက် နေတာ. . . (မှန်လှပါ) ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား) ကဲ မောင်မြဲ့ရွှေတို့ ရှုတတ်ပြီလား. . . (ရှုတတ်ပါပြီဘုရား)။

## စိတ်ပျက်တာရှု

ဘယ်ဟာရှုမတုံး စိတ်ပျက်ရင်. . . (စိတ်ပျက်တာရှု ရမှာပါဘုရား) အဲ စိတ်ပျက်တာရှု သဘောကျပြီလား. . . (ကျပါတယ်ဘုရား) ဒီနေ့တော့ဝိပဿနာရှုရတာဖြင့် တရားကတော့ဖြင့် ဘယ်လိုနေမယ်မသိဘူး ဒီစိတ်ကတော့ ဖြင့် ခတ်ပျော်ပျော်နဲ့ရှုလိုက်တာပဲ ဟုတ်ဖူးလား. . . (မှန်ပါ)။

## ပျော်တဲ့စိတ်ရှု

အင်း. . . ပျော်တဲ့စိတ် ရှုပစ်. . . (မှန်လှပါ) ဘာလုပ်

ရမှာတုံး. . . (ပျော်တဲ့စိတ်ရှုပစ်ရမှာပါဘုရား) ပျော်တဲ့စိတ်ရှု ပျော်တဲ့စိတ်ရှုတော့ကို ဝိပဿနာ ဟုတ်မဟုတ်ကို ခင်ဗျား တို့ ပျော်တဲ့စိတ်ရှုလိုက်တဲ့အခါကျတော့ ဩော်. . . ပျော်တဲ့ စိတ်က လောဘ သောမနဿ အင်း. . . ဒီစိတ်ကဖြစ်ပျက် ရှုတာကမင်္ဂ မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

## ပျင်းတဲ့စိတ်ရှု

ဟာ ဝိပဿနာရှုရတာ ပျင်းလာပြီဘုရားဆိုရင် ပျင်းတဲ့စိတ်ကိုရှု ဘယ့်နှယ်လုပ်မယ်. . . (ပျင်းတဲ့စိတ်ရှုရမှာ ပါဘုရား) ကဲ ခင်ဗျားတို့ ဝိပဿနာမရှုတတ်တဲ့ပုဂ္ဂိုလ် ဒီအထဲ ပါသေးသလား. . . (မပါပါဘူးဘုရား)။

နာကျင်လာပြီဘုရား ထိုင်ရတာကြာလွန်းလို့ တပည့်တော်တော့ ဝိပဿနာရှုလို့ကိုမရဘူး မလုပ်နဲ့လေ နာကျင်တာ ဝိပဿနာ. . . (မှန်ပါ)။

## ဒေါသ ဖြစ်ပျက်ရှု

နာကျင်တော့ ဒုက္ခ ဒေါမနဿဝေဒနာ မလာပေဘူး လား. . . (လာပါတယ်ဘုရား) အဲဒါဘာလုပ်ရမှာတုံး. . . (ဖြစ်ပျက်ရှုရမှာဘုရား) အဲဒါ ဖြစ်ပျက်ရှုလိုက်တော့၊ နာကျင်လို့ ထမသွားပါနဲ့ ဝိပဿနာပေါ်နေတာ ခင်ဗျားက ဝိပဿနာမတွေ့လို့ ထချင်တာ၊ ဝိပဿနာကပေါ်နေပြီ

ပြန်ထိုင်ပါ ပြန်ရှုပါ ရိပ်မိပြီလား. . . (ရိပ်မိပါတယ်ဘုရား)။

မနည်းကို သင်ရပါလား ဒကာဒကာဒမတွေရ၊ ဘာပြုလို့သင်ရတာတုံးလို့မေးတဲ့အခါကျတော့မှ ခင်ဗျားတို့က မရှုတတ်တာကို။ ရှုစရာပေါ်လာတာကို မရှုတော့ဘူး ဖြစ်နေလို့ ဘယ်လိုဆိုကြပါ့. . . (ရှုစရာပေါ်လာတာကို မရှုတော့ဘူးဖြစ်နေလို့ပါဘုရား)။

ခက်လိုက်တာကိုသစ် အားကြီးခက်တယ်. . . (မှန်ပါ) ရှုစရာပေါ်လာတာ ဘယ့်နှယ်ဖြစ်နေတုံး. . . (မရှုတော့ဘူးဖြစ်နေပါတယ်ဘုရား) ဟ! ဘာဖြစ်ကြတာတုံး. . . ရှုစရာလဲပေါ်သေးတယ် မရှုတော့ဘူးလဲပြောသေးတယ် ဒါပဲ အဖြေထွက်စရာရှိတာပဲ၊ ဒိပြင်ဟာအဖြေထွက်စရာရှိသေးလား. . . (မရှိပါဘူးဘုရား) သဘောပါပလား. . . (ပါပါတယ်ဘုရား)။

## အစစ်ဆုံးဝိပဿနာ

ဒါဝိပဿနာမှာဖြင့် အစစ်ဆုံးပဲဆိုတာ သဘောကျပြီလား. . . (ကျပါတယ်ဘုရား) ထင်ကောထင်ရှားရဲ့လား ဆိုတော့ သူကိုယ်တိုင်ပြောနေတာ ကျုပ်ဖြင့်ပျင်းလာပြီတဲ့ ပျင်းလာရင်ဘာလုပ်ရမှာတုံး. . . (ပျင်းတဲ့စိတ်ကိုရှုရမှာပါဘုရား) ပျင်းတဲ့စိတ်ကိုရှု။

သင်္ခါရနိုရောဓောဆိုတော့၊ အဝိဇ္ဇာရှိနေရင် ဒီနေရာမှာ ပုညာဘိသင်္ခါရနဲ့ အပုညာဘိသင်္ခါရ လာရမယ်၊ လာသေး သလား မလာဘူးလား. . . (မလာပါဘူးဘုရား)၊ ဒီသင်္ခါရ မချုပ်ဘူးလားချုပ်သလား. . . (ချုပ်ပါတယ်ဘုရား)။

သင်္ခါရချုပ်တော့ နောက်ပဋိသန္ဓေ၊ ဝိညာဏ်လာ သေးသလား. . . (မလာပါဘူးဘုရား) အင်မတန်လုံလောက် နေပြီသေပျော်တဲ့တရားဗျ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဦးဘအုန်းတို့ ကိုစံရင်တို့ သေပျော်ပြီလား. . . (သေပျော်ပါပြီဘုရား) ဒီအတိုင်းလဲမသေလိုက်နဲ့ဦး ဒါတွေ့ အောင်ရှာဦး ရိပ်မိကြပြီလား. . . (ရိပ်မိပါတယ်ဘုရား)။

တွေ့အောင်ရှာပါဦးတဲ့ တွေ့အောင်ရှာလို့ရှိရင်ဖြင့် ဦးခင်မောင် ဒီဟာလောက် တွေ့လွယ်မှာတော့ဖြင့်မရှိ တော့ဘူး. . . (တွေ့ရင်လဲလွတ်ပါတယ်ဘုရား)။

## ပုတီးလည်ပင်းစွပ်ပြီးသွားနေရင်

ဒီလိုဗျ ရှာတာက တခြား၊ ရှိတာက တခြား၊ သဘော ကျပြီလား. . . (မှန်လှပါဘုရား) ပုတီးလည်ပင်းစွပ်ပြီး သွား နေရင်တော့ တွေ့ပါ့မလား. . . (မတွေ့ပါဘူးဘုရား) အဲဒီ လိုဖြစ်နေကြတာ ရိပ်မိပြီလား. . . (ရိပ်မိပါတယ်ဘုရား)။

အဲ နောက်က ဒကာဒကာမတွေက ကျေနပ်ပြီလား . . . (ကျေနပ်ပါတယ်ဘုရား) ဝိပဿနာရှုတာဘယ်ကစရ

မယ်. . . (မတွေ့တဲ့စိတ်ကပါဘုရား) မတွေ့တဲ့စိတ်ကစရှု။

မတွေ့တဲ့စိတ်ကို စရှုကတည်းကိုက ဘာချုပ်တုံး. . . (အဝိဇ္ဇာချုပ်ပါတယ်ဘုရား) အဝိဇ္ဇာချုပ်ကတည်းကိုက သင်္ခါရလာသေးသလား. . . (မလာပါဘူးဘုရား)။

ဘယ့်နှယ်သင်္ခါရမလာတာတုံး. . . (အဝိဇ္ဇာချုပ်လို့ပါဘုရား) အဝိဇ္ဇာချုပ်တော့ ဟောဒီမဂ်လာပြီ. . . (မှန်ပါ) သင်္ခါရမလာတာ အလိုလိုမလာတာလား သူ့ရှုတဲ့စိတ်က မဂ်ဖြစ်နေလို့ သင်္ခါရပေါ်ခွင့်မရတာ. . . (မှန်ပါ) ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အနေဉ္ဇာဘိသင်္ခါရလာသေးရဲ့လား. . . (မလာပါဘူးဘုရား) ပဋိသန္ဓေမနေရာ အဇာတိ နိဗ္ဗာန်. . . (မှန်ပါ)။

## တစ်ချက်တည်းနဲ့နိဗ္ဗာန်ရတာ

ဒီဘက် အိုတာ နာတာ သေတာတွေကော. . . (မရှိတော့ပါဘုရား) မရှိတာဘာခေါ်ကြမတုံး. . . (နိဗ္ဗာန်ပါဘုရား) တစ်ချက်တည်းနဲ့ နိဗ္ဗာန်ရတာ ခင်ဗျားတို့က ဝေးဝေးရှာနေလို့မတွေ့တာ. . . (ရိပ်မိပါပြီဘုရား)။

ကဲ ဒကာဒကာမတွေ သဘောပါပြီလား. . . (ပါပါပြီဘုရား) အဲဒါ ခန္ဓာကိုယ် သုံးသပ်ပါဆိုတာ ဒါပဲ ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား) ဒိပြင်ဟာတွေဘာမှ မလုပ်နဲ့ ဘယ်သမာဓိမှ ဖမ်းမနေနဲ့တော့ ဒီအထဲတွဲပြီးဝင်သွားပြီ. . . (မှန်ပါ)။

ဝိပဿနာထိုင်ပြီး ခန္ဓာကိုယ်ကို စိုက်ပြီးသကာလ ကြည့်နေရင် ကြည့်နေတော့ ဘာမှမတွေ့တဲ့စိတ်ဟာ အရင်လာမှာပဲ ဘယ်သူအရင်လာမယ်ထင်တုံး. . . (ဘာမှမတွေ့တဲ့စိတ် အရင်လာမှာပါဘုရား) အဲဒီစိတ်ကိုကြည့် ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

တွေ့သယောင်ယောင်လာရင်ကော. . . (တွေ့သယောင်ယောင်စိတ်ကိုရှုရမှာပါဘုရား) တွေ့သယောင်ယောင်စိတ်ကို ရှုဟုတ်လား ဟာ ရှာလို့ကိုမတွေ့ဘူး ပျင်းလာတာပဲဆိုရင်. . (ပျင်းတဲ့စိတ်ကို ဖြစ်ပျက်ရှုရမှာပါဘုရား)။

ပျင်းတဲ့စိတ်ရှု ဒကာဒကာမတွေရဲ့ နေရာကျပြီလား . . . (ကျပါပြီဘုရား) ဟာ ပျင်းတာတင်မကဘူးဘုရား၊ တပည့်တော်တို့ နာကျင်လာပြီဘုရား. . . (နာကျင်တာကို ရှုရမှာပါဘုရား) နာကျင်တာရှု။

## ဘုရားရှိခိုးမဟုတ်ဘူး

ဧဟိပဿိကော ခေါ်လိုက်တာ ခုမှပဲ ခင်ဗျားတို့ ဧဟိပဿိကောကို သဘောကျပေတော့တယ်၊ နဂိုက ဘုရားရှိခိုးမှတ်တာ၊ ဘုရားရှိခိုးမဟုတ်ဘူးဗျ တရားအားထုတ်ဖို့ ဒီလိုခွဲခြားဖို့ပြောပေးခဲ့တယ်။

ခင်ဗျားတို့က သူ့ပူဇော်သ၁နေဟာ ကိုယ်ပိုင်မသုင်ဘူး ဒါဖြင့် ပူဇော်တာနဲ့ ကိုယ်ပိုင်ရတာနဲ့ ဘယ်ဟာကသာ

အဖိုးတန်တုံး. . . (ကိုယ်ပိုင်ရတာက အဖိုးတန်ပါတယ် ဘုရား)။

ကိုယ်ပိုင်မှမလုပ်တတ်ပဲ ခင်ဗျားတို့က တကျာစီမံတာ လုပ်နေတာ၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား) အဲတော့ တရားကို ကိုယ်ကဆောင်ရမှာ၊ တရားကိုဘယ်သူကဆောင် ရမှာတုံး. . . (ကိုယ်ကဆောင်ရမှာပါဘုရား)။

## ဘုရားကယ်တော်မူပါဆိုတယ်

ကိုယ်ကဆောင်ရမှာကို ကိုယ်ကမဆောင်ဘူးတဲ့ သူ့ကိုသာဆောင်ပေးပါခိုင်းနေတယ် ခင်ဗျားတို့က ကိုယ့်ဝမ်း ထဲမှာဆောင်ထားရမှာ ဘုရားကယ်တော်မူပါဆိုတော့ သူက လာကယ်ရတော့မည့်ပုံ ဟုတ်ပြီလား. . . (မှန်ပါ)။

သူကဝမ်းထဲရောက်မှ ဘုရားကကယ်မှာ. . . (မှန်ပါ) ရှင်းပြီလား. . . (ရှင်းပါပြီဘုရား) ဒါဖြင့် ဝိပဿနာရှုတဲ့အခါ ကျတော့ ဧဟိပဿိကောတော့ မမေ့ကြပါနဲ့၊ ဘယ်ဟာမမေ့ နဲ့. . . (ဧဟိပဿိကောပါဘုရား)။

ဧဟိပဿိကောဆိုတော့ ပေါ်တဲ့စိတ်ကလေးတ မတွေ့တဲ့စိတ်ကလေး ကျုပ်ရှုတော့ ခင်ဗျားတို့ ရှာမနေနဲ့မ ပြောဘူးလား. . . (ပြောပါတယ်ဘုရား) ဘယ်သူရှုတာတုံး . . . (ကျုပ်ရှုတော့ပါဘုရား) တဲ့ သဘောကျပြီလား. . . (ကျပါတယ်ဘုရား) အဲဒါဘယ်သူကခေါ်တာတုံး. . . (ဧဟိ ပဿိကောက ခေါ်တာပါဘုရား)။

ခုနက မတွေ့တဲ့စိတ်က ဧဟိပဿိကောတဲ့ ကျုပ်သာရှု ခင်ဗျားတို့ လျှာရှည်မနေနဲ့ အင်မတန်မောသွားလိမ့်မယ်ခင်ဗျားတို့ လုပ်တတ်ပြီလား. . . (လုပ်တတ်ပါပြီဘုရား)။

## အစုမှတရားတွေ့တော့တယ်

ဦးခင်မောင်ကြီးတို့ ခုမှပဲ ဒကာဒကာမတွေ တရားတွေ့ပေတော့တယ်ဆိုတာ မှတ်ဖို့ကောင်းတယ် ဟုတ်ဖူးလား . . . (မှန်ပါ) နဂိုက တရားရှာနေကြတယ်မို့လား. . . (မှန်ပါ) ခင်ဗျားတို့ ရှာတာကြာပြီပေါ့ဗျာ တရားဟာစိတ်ကြိုက်ကို မတွေ့သေးဘူး အံမာ သွေးကြီးမွေးကြီးရှိလိုက်တာ။

တရားဟာ ဟောနေကြတာပဲဘုရား၊ အမျိုးမျိုးအဖုံဖုံ ရိပ်သာတွေလဲ အမျိုးမျိုးဟောနေတာပဲ စိတ်ကြိုက်က မတွေ့သေးဘူး ဩော်. . . ခက်ပြီဒကာဒကာမတို့ သူ့စိတ်ကြိုက် သူရှုရမယ့်ဥစ္စာ. . . (မှန်လှပါ) ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဘာရှုရမှာတုံး. . . (သူ့စိတ်ကြိုက်သူရှုရမှာပါဘုရား) သူကြိုက်တဲ့စိတ်ကလေးကို နောက်ကနေရှုသဘောကျပြီလား၊ သူမကြိုက်လို့ရှိရင် မကြိုက်တဲ့စိတ်ကလေးကို. . . (ရှုရမှာပါဘုရား)။

## ဟိုဆရာကဲ့ရဲ့ ဒီဆရာကဲ့ရဲ့

မကြိုက်တဲ့စိတ်ကလေးကိုရှု အတော်လွဲနေတာဗျ ဟိုဆရာကဲ့ရဲ့ ဒီဆရာကဲ့ရဲ့ဘယ်နှယ်ဖြစ်နေတုံးဗျ. . . ဒကာဒကာမတွေ ကိုယ်ကလွဲတာ ရိပ်မိပြီလား. . . (ရိပ်မိပါတယ်ဘုရား)။

အဲတော့ ခင်ဗျားတို့ ဆရာတွေပြစ်မှား၊ ဂွကျကုန်တာပေါ့ အပြည့် ထင်ပါရဲ့၊ အပြည့်လို့ ဒီလိုမယူပါနဲ့ သဘောကျပြီလား. . . (မှန်လှပါဘုရား) ကိုယ်ဖျင်းတာ ကိုယ်သိပါ၊ ဘယ်လိုဆိုကြမတုံး. . . (ကိုယ်ဖျင်းတာကိုယ်သိပါဘုရား)။

## တရားဟာ ဆရာတွေဆီမှာမရှိဘူး

အဲ ကိုယ်ဖျင်းတာကိုယ်သိပါတဲ့ တရားဟာဆရာတွေဆီမှာ ရှိကိုမရှိပါဘူး ရှိရဲ့လား. . . (မရှိပါဘူးဘုရား) မိမိသန္တာန်မှာ ပေါ်လာမှတရား. . . (မှန်ပါ)။

မိမိသန္တာန် ပရမတ္ထတရား(၄)ပါးရှိတယ် မဟုတ်လား . . . (မှန်ပါ) ဘယ်သူ့သန္တာန်ရှိတာတုံး. . . (မိမိသန္တာန်ရှိတာပါဘုရား) ဆရာ့ထံမှာ အပြောသာရှိတယ်. . . (မှန်ပါ) တရားရှိရဲ့လား. . . (မရှိပါဘူးဘုရား)။

## တရားကဘယ်မှာရှိသတုံး

တရားကဘယ်မှာရှိသတုံး. . . (မိမိသန္တာန်မှာရှိပါတယ်ဘုရား) ခုရှုတတ်ကြပြီလား. . . (ရှုတတ်ပါပြီဘုရား) တရားရှုရင်းပျင်းလာတယ် ဘယ်နှယ်လုပ်မတုံး ဒကာဒကာမတွေ. . . (ပျင်းတဲ့စိတ်ရှုရမှာပါဘုရား)

အင်း. . . ပျင်းတဲ့စိတ်ဟာ သဒေါသစိတ်ပဲ. . . (မှန်ပါ) "သဒေါသစိတ္တံ သဒေါသစိတ္တန္တိ ပဇာနာတိ" လုပ်တတ်ကြပြီလား. . . (လုပ်တတ်ပါပြီဘုရား) ပျင်းရင်ဘယ်စိတ်ရှုမယ်. . . (ပျင်းတဲ့စိတ်ရှုရမှာပါဘုရား)။

ပျော်ရင်ကော. . . (ပျော်တဲ့စိတ်ရှုရမှာပါဘုရား) ပျော်တဲ့စိတ်ကိုရှုတဲ့၊ တရားနာရတာ တရားရှုရတာကြာပြီ ညောင်းလာပြီဆိုရင်ကော. . . (ညောင်းတဲ့စိတ်ကို ဖြစ်ပျက်ရှုရမှာပါဘုရား)။

## ညောင်းရင်ညောင်းတဲ့စိတ်ရှု

ညောင်းတဲ့စိတ်ရှုရင် မထတော့ဘူးဗျ. . . ဦးခင်မောင်တို့တော့ 'ဂွ' ကျတာပဲ ညောင်းတဲ့စိတ်ရှုလိုက်တော့ ညောင်းတာဒုက္ခဝေဒနာ ပေါ်လာတာပဲ။

အဲဒီဒုက္ခစိတ်ကို ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား) ရှုပစ်လိုက်တော့၊ နောက်တစ်ဖန် ညောင်းပြန်

တော့ကော. . . (ညောင်းတာပြန်ရှုရမှာပါဘုရား)။

ကဲညောင်းတာ နေကိုမနေနိုင်ဘူး ထဖြစ်အောင်ထ ဦး မယ်ဆိုရင်ကော ထဖြစ်အောင်ထတဲ့ စိတ် ဘာလုပ်ပြစ် ရမှာတုံး. . . (ရှုပြစ်ရမှာပါဘုရား) ရှုတတ်ကြပြီးလား. . . (ရှုတတ်ပါတယ်ဘုရား)။

## တရားရှာခန္ဓာမှာတွေ့

ဒါဖြင့် ဒကာဒကာမတို့ တရားရှာ ခန္ဓာမှာတွေ့တယ် ဆိုတာ ပေါ်ပြီ. . . (ပေါ်ပါပြီဘုရား) တရားရှာရင် ဘယ်တွေ့ မှာတုံး. . . (ခန္ဓာမှာတွေ့မှာပါဘုရား)။

အဲတော့ ခင်ဗျားတို့က ဟိုရှာဒီရှာ ရှိတာကတခြား ရှာတာကတခြား ဆိုတော့ တွေ့ဖို့ကောမြင်သေးလား. . . (မမြင်ပါဘူးဘုရား) အဲဒါကြောင့် ခင်ဗျားတို့သံသရာရှည်နေ တယ်ဆိုတာကော ပေါ်ပြီလား. . . (ပေါ်ပါပြီဘုရား)။

ကဲဒီနေ့ သံသရာရှည်စရာ ရှိသေးရဲ့လား. . . (မရှိ ပါဘုရား) ခန္ဓာကိုယ်ကိုသာ ဒီအတိုင်းသုံးသပ်ကြစမ်းပါဆို တာ ကျေနပ်ကြပြီလား. . . (ကျေနပ်ပါပြီဘုရား)။

## ဝိပဿနာအစ ဘယ်ကစကြမယ်

ဝိပဿနာအစ ဘယ်ကစကြမယ်. . . (မတွေ့တဲ့

စိတ်ကပါဘုရား) မတွေ့တဲ့စိတ်ကစရှ အံမလေး နေရာကျ လိုက်တာ ခင်ဗျားတို့အိမ်နီးချင်း မိတ်ဆွေတွေကပြောတော့ ဘုန်းကြီးနဲ့တကွ တရားနာသူတွေဟာ မတွေ့တဲ့စိတ် ရှုရမယ်ဆိုတော့ ရှုးများလာကြသလား. . ဆိုတော့ဆိုလိမ့် မယ် မဆိုပေဘူးလား. . . (ဆိုပါတယ်ဘုရား)။

သဘောကမပါသေးပဲကိုးဗျ. . . (မှန်ပါ) ရှင်းပြီလား ဒကာဒကာမတို့. . . (ရှင်းပါပြီဘုရား) ပြောရဲကြပ့်မလား. . (မပြောရဲပါဘုရား) ပြောရဲရင်သူတို့ကအရှုးဗျ ကိုယ်ကရှူးတာ မဟုတ်ဘူး. . . (မှန်ပါ)။

မတွေ့တဲ့စိတ်ကဘာတုံး. . . (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာ မောဟ အဲဒါကျုပ်ဖြင့် မတွေ့တဲ့စိတ်က စရှုရမယ်ဆို တော့ ထိုင်ထိုင်ခြင်း တော့ဘယ်သူမှဘာမှမတွေ့ဘူးဗျ. . , (မှန်ပါ) တွေ့ပ့်မလား. . . (မတွေ့ပါဘူးဘုရား)။

ထိုင်ပြီးခဏကြာမှ ခန္ဓာကပြမှာကိုးဗျ. . . (မှန်ပါ) အဲ . . အဲဒီလိုပြနေတာကတော့ကြာနေလိမ့်ဦးမယ် မကြာပေဘူး လား. . . (ကြာပါတယ်ဘုရား) သမာဓိနဲ့ဖမ်းရ၊ ဘာနဲ့ဖမ်း ရမကြာပေဘူးလား. . . (ကြာပါတယ်ဘုရား)။

## မတွေ့တဲ့စိတ်က အရင်ပေါ်တယ်

ခုတော့ကြာစရာရှိသေးလား. . . (မရှိပါဘူး ဘုရား) ထိုင်ထိုင်ခြင်းဘာတွေ့တုံး. . . (မတွေ့တဲ့စိတ်တွေ့ပါတယ်ဘုရား)

မတွေ့တဲ့စိတ်က အရင်ပေါ်မှာ မတွေ့တဲ့စိတ်ရှု ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)

မတွေ့တဲ့စိတ်ရှုပစ်လိုက်တဲ့အခါကျတော့ မတွေ့တဲ့ စိတ်က အနိစ္စ၊ ရှုတာက မဂ္ဂ ဆိုတော့၊ အဝိဇ္ဇာနိရောဓာ. . . (သင်္ခါရနိရောဓောပါဘုရား)။

အဝိဇ္ဇာနိရောဓာက အဝိဇ္ဇာမချုပ်သေးဘူးလား. . . (ချုပ်ပါတယ်ဘုရား) သင်္ခါရနိရောဓော ဆိုတော့ သင်္ခါရလာသလား မဂ်လာသလား. . . (မဂ်လာပါတယ် ဘုရား)။

မဂ်လာလို့ သင်္ခါရချုပ်တယ်. . . (မှန်ပါ) ဦးဝင်း. . . (မှန်ပါ) ဘာလာလို့ပါလိမ့်. . . (မဂ်လာလို့ပါဘုရား) သင်္ခါရ နိရောဓာ ခင်ဗျားတို့ရတဲ့ပါဠိကလေးရွတ်ပါဦး. . . (ဝိညာဏ နိရောဓောပါဘုရား)။

## ပဋိသန္ဓေမလာတော့ဘူး

ဝိညာဏနိရောဓော ဆိုတာ ပဋိသန္ဓေလာသေးသ လား. . . (မလာပါဘူးဘုရား) ပဋိသန္ဓေမလာတော့ဘူးတဲ့ ဒကာဒကာမတွေရ ပဋိသန္ဓေမလာလို့ရှိရင်ဖြင့် ဝိညာဏ်မှ မလာဘဲနဲ့ နာမ်ရုပ် ဒုက္ခသစ္စာပေါ်ချင်လို့. . . (မရပါဘူး ဘုရား)။

သဠာယတန ခြောက်ပါး ပေါ်ချင်လို့. . . (မရပါဘူး

ဘုရား) ရှင်းပြီလား. . . (မှန်ပါ) အဲဒါမတွေ့တဲ့စိတ် ရှုနည်းဟာ ဘယ်လောက်အဖိုးတန်တုံး. . . (တန်ပါတယ် ဘုရား) ရှင်းကြပြီလား။

## ဖြစ်ကြောင်း၊ ကုန်ကြောင်းကို ဘုရားကသိတယ်

ပဋိစ္စသမုပ္ပါဒ် ဘယ်ကပြတ်တာတုံး. . . (အစက ပြတ်ပါတယ်ဘုရား) ဩော်. . . ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း "ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ အထဿ ကင်္ခါ ဝပယန္တိသဗ္ဗာ၊ ယတော ပဇာနာတိ သဟေတုဓမ္မံ"။

ငါ- ဖြစ်ကြောင်းလဲသိပါပြီကွာတဲ့။

"ယတောခယံ ပစ္စယာနံ အဝေဒိ"-ပါဠိတော်က ဒါကုန်ကြောင်းကိုလဲ ငါသိတယ်ဟော့တဲ့။

သူဟာဒုက္ခသစ္စာမို့ ဖြစ်ပြီး၊ ပျက်ပြီး၊ ဆုံးတာပဲ။ သူ ဆုံးတာကို ငါမြင်လိုက်လို့ရှိရင် အဝိဇ္ဇာချုပ်တာပဲ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)

အဝိဇ္ဇာကို အဝိဇ္ဇာအဖြစ်နဲ့ မထားတော့ဘူး ဖြစ်ပျက် ဒုက္ခသစ္စာ အဖြစ်နဲ့ထားလိုက်တော့ သူဟာဒုက္ခသစ္စာ သူက ဘာသစ္စာတုံး. . . (မဂ္ဂသစ္စာပါဘုရား)။

## ဘုရား၏ကိုယ်စားဟောနေတာ

မဂ္ဂသစ္စာဖြစ်သွားတော့ အဝိဇ္ဇာ မဆုံးသေးဘူးလား . . . (ဆုံးပါတယ်ဘုရား) အဝိဇ္ဇာဆုံးတာကို ငါသိတယ်ဆို တော့ ခင်ဗျားတို့မှတ်ထား အခုဟာ ဘုန်းကြီးက ဘုရား၏ ကိုယ်စားလှယ်လုပ်ပြီးဟောနေတာ. . . (မှန်လှပါ) သဘော ကျပြီလား. . . (မှန်ပါ)။

ဘုရားကမရှိတော့ပဲကိုးဗျ အဲတော့ သတ္တဝါအစ အဝိဇ္ဇာက ခင်ဗျားတို့ သဘောကျပြီလား. . . (ကျပါပြီဘုရား) သတ္တဝါအဆုံး ဘုရားပွင့်မှဆုံးတယ် ဆရာသမား အကူအညီ ကောင်းမှဆုံးတယ်ဆိုတာ ပေါ်ပြီလား. . . (ပေါ်ပါပြီဘုရား)။

ဒါသတ္တဝါအစတဲ့ ကဲ. . . ခင်ဗျားတို့ သတ္တဝါအစ မဆုံးသေးဘူးလား. . . (ဆုံးပါပြီဘုရား) ရှုတတ်ပြီလား. . . (ရှုတတ်ပါတယ်ဘုရား) နည်းနည်း အဖိုးတန်တဲ့တရားလား ခင်ဗျားတို့စဉ်းစားကြည့်စမ်း. . . (အဖိုးတန်လှပါတယ်ဘုရား)။

## သိပ်ကောင်းတဲ့ဝိပဿနာ

အဲဒါ ဘယ်ကစကြည့်လို့ အဖိုးတန်သွားတာတုံး. . မတွေ့တာကစကြည့်လို့ အဖိုးတန်သွားတာ. . . (မှန်ပါ) အံ မယ်လေး ဝိပဿနာ၊ သိပ်ကောင်းတဲ့ ဝိပဿနာ ဒကာဒကာ မတို့၊ ဩော်. . . ဒီလိုများ ရှေ့က ဟောမယ့်ပြောမယ့်လူရှိ မယ်ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ မတွေ့လေလေ ဟန်ကျလေ လေပဲ. . . (မှန်လှပါဘုရား)။

ဘယ့်နှယ်ဆိုကြမှာတုံး. . . (မတွေ့လေလေ ဟန်ကျလေလေပါဘုရား) မတွေ့လေလေ ဟန်ကျလေလေပဲဗျ ဒကာ ဒကာမတွေရ မတွေ့တဲ့စိတ် ရှုလိုက်ရုံပဲ ရှိမှာပဲ . . . (မှန်ပါ) ဟုတ်ဘူးလား။

ကဲဒကာဒကာမတွေ ကလေးကအစ နားလည်မလည်. . . (နားလည်ပါတယ်ဘုရား) ရှင်းကြပြီလား. . . (ရှင်းပါတယ်ဘုရား)။

မတွေ့တာနဲ့ပျင်းလာတယ်ဆိုရင်ကော. . . (ပျင်းတဲ့စိတ်ရှုရမှာပါဘုရား) တွေ့ပြန်တော့လဲ ဝိပဿနာပဲပြန်တွေ့တယ် ပျင်းရင် ဒကာကြီးညောင်းလာတယ်ဆိုရင်ကော. . . (ညောင်းတဲ့စိတ်ရှုရမှာပါဘုရား)။

ညောင်းတဲ့ဒုက္ခဝေဒနာရှုပေး သဘောကျပြီလား. . (မှန်ပါ) ညောင်းရင်းက ထချင်တယ်ဆိုရင်ကော. . . (ထချင်တဲ့စိတ်ရှုရမှာပါဘုရား) ထချင်ရင်းက စကြံသွားချင်တယ်ဆိုရင် ကော. . . (စကြံသွားချင်တဲ့စိတ် ရှုရမှာပါဘုရား)။

စကြံသွားချင်တဲ့စိတ်ရှုလိုက်ရင် မပြီးဘူးလား. . . (ပြီးပါတယ်ဘုရား) စကြံသွားရတာကြာပြီ ထိုင်ချင်တယ် ဆိုရင်ကော. . . (ထိုင်ချင်တဲ့စိတ်ရှုရမှာပါဘုရား)။

ဘယ်နှယ်ဗျ အကုန်ကိုမလွတ်တော့ဘူး လွတ်သေးရဲ့လား. . . (မလွတ်ပါဘူးဘုရား)။

အဲတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ယထာ ယထာ ဝါ ပနဿကာယော၊ ယထာ ယထာ ဝါ ပနဿ ကာယော" နဲ့ နေရာတိုင်းလုပ်ပါ၊ နေရာတိုင်း( ) နဲ့ မပါဘူးလား. . . (ပါပါတယ်ဘုရား)။

နို့ခင်ဗျားတို့က နေရာရွေးနေတာနဲ့ မလုပ်ဖြစ်ဘူး . . . (မှန်ပါ) ရိပ်မိပြီလား. . . (ရိပ်မိပါတယ်ဘုရား) ခင်ဗျား တို့ကဘာရွေးနေတုံး. . . (နေရာရွေးနေပါတယ်ဘုရား)။

ဘာပြုလို့ရွေးနေကြတာတုံးဗျ ကမ္မဋ္ဌာန်းတွေ့မှာစိုး လို့ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား) ဘာပြုလို့နေရာရွေး နေကြတာတုံး. . . (ကမ္မဋ္ဌာန်းတွေ့မှာစိုးလို့ပါဘုရား)။

ကျုပ်ကသီးသန့် သီးသန့်နေရာလေးမှ သွားပြီးထိုင် ချင်တာ ဟာ. . . 'ဂွ'ကျကုန်ပြီကော သီးသန့်နေရာလေးမှ ဆိုတော့ သူသွားနေတာနဲ့ သွားနေတာနဲ့ သီးသန့်နေရာ ရောက်မှ သူ့အလုပ်လုပ်မှာကိုး. . . (မှန်ပါ)။

အဲတော့ ခင်ဗျားတို့ဟာက အင်မတန်ကိုပဲ ဘုရား ရှိခိုးပါလို့ ဆိုလို့ရှိရင်ဖြင့် "ဣတိပိသော" စ ဆိုပါဆိုရင် ဖြင့် ဦးခင်မောင်က မရဘူး။

ဘာပြုလို့တုံးဆိုတော့ "ဩကာသ"က စရမှ ကျုပ် က. . . ဒီလိုဖြစ်နေတာ မဖြတ်တတ်တော့ အစကတည်းက ကမ္မဋ္ဌာန်းကို မဟုတ်ဘူး ဒီဥစ္စာ ကျုပ် ကမ္မဋ္ဌာန်းလို့မထင်သေး ဘူး၊ ဘုရားရှိခိုးအစ မဖြစ်သေးဘူး သဘောကျပြီလား. . . (မှန်ပါ)။

## အဖျတ္တမရှာတတ်လို့ ဒုက္ခရောက်တယ်

အဲတော့ ကမ္မဋ္ဌာန်းရှာတာ ခင်ဗျားတို့ ရှေ့ ဗဟိဒ္ဓ ကိုသာရှာပြီး အဇ္ဈတ္တမရှာတတ်ကြတဲ့အတွက် ဒုက္ခရောက် နေတာ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ခု ဘယ်ရှာရမှာတုံး. . . (အဇ္ဈတ္တကိုရှာရမှာပါဘုရား) ရှာရင် ဘယ်အချိန်မဆို. . . (တွေ့ပါတယ်ဘုရား) ရှာတဲ့စိတ် ရှုလိုက်ရုံပဲ. . . (မှန်ပါ) သဘောကျပြီလား. . . (မှန်ပါ)။

ရှာတဲ့စိတ်ကိုရှုလိုက်ရင်လဲ ဒီကမ္မဋ္ဌာန်းစတွေ့တာပဲ . . . (မှန်ပါ) ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ကဲ ဒါဖြင့် ဒကာဒကာမတို့ ကျုပ်ဖြင့် ကမ္မဋ္ဌာန်းရှုရ တာဖြင့် သိပ်ဝမ်းသာတာပဲ ဆိုလို့ရှိရင် ဘာလုပ်ကြမတုံး. . . (ဝမ်းသာတဲ့စိတ်ကို ရှုရမှာပါဘုရား) ဝမ်းသာတဲ့စိတ်ကလေး ရှု ဝမ်းသာတဲ့စိတ်က အနိစ္စ ရှုတာက. . . (မဂ္ဂပါဘုရား) သဘောကျပြီလား။

အဲတော့ ဝမ်းသာတဲ့စိတ်က တဏှာပဲထားပါဦးတော့ မသိလိုက် မသိဖာသာဝင်လာတဲ့ တဏှာ၊ ကောက်ကျစ်တဲ့ တဏှာ ဝင်ချင်ဝင်လာတယ်. . . (မှန်ပါ)။

အဲတော့ ဒကာဒကာမတွေ စဉ်းစားကြည့်ပါလားတဲ့ တဏှာနိရောဓ ဘယ်နှယ်ဆိုကြမတုံး. . . ဥပါဒါန နိရော ဓေ ရဲရဲသာဆို တဏှာနိရောဓ. . . (ဥပါဒါန နိရောဓေ ပါဘုရား)။

## တဏှာချုပ်တော့ ဥပါဒါန်ချုပ်တယ်ဆိုတာ

ဩော်. . . တဏှာကချုပ်သွားတော့ ဥပါဒါနနိရောဓော ဆိုတာက ခင်ဗျားတို့ ဥပါဒါန်ချုပ်သွားတာမဟု[illegible]ား မင်္ဂဝင်တာပြောတာ. . . (မှန်ပါ) ရှင်းပြီလား. . . (ရှင[illegible]ပြီဘုရား)။

ခင်ဗျားတို့ ဥပါဒါန်ချုပ်သွားတာပဲဆိုတော့ ဩော်. . မီးကလေးရှိပြီး ငြိမ်းသွားတယ်လို့ ထင်နေတယ်. . . (မှန်ပါ) မဟုတ်ဘူးတဲ့ မင်္ဂဝင်လာတာကိုဆိုလိုတာ ရိပ်မိပြီလား. . . (မှန်ပါဘုရား)။

ဥပါဒါန်ပေါ်ပြီးမှ ချုပ်တာလား. . . (မဟုတ်ပါဘူးဘုရား) ပေါ်ပြီးမှချုပ်တယ်ဆိုရင် ဥပါဒါန ပစ္စယာ ဘဝေါ လုပ်တော့မှာပေါ့ ပေါ်ခွင့်ရသေးရဲ့လား. . . (မရပါဘုရား)။

ကဲ ဒါဖြင့်တဏှာနိရောဓာ. . . (ဥပါဒါန နိရောဓော ပါဘုရား) ဥပါဒါန နိရောဓာဆိုတာ ပေါ်ပြီလား. . . (ပေါ်ပါပြီဘုရား)။

## ပဋိစ္စသမုပ္ပါဒ် အလယ်ကပြတ်တယ်

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် အလယ်ကပြတ်တယ်. . . (မှန်ပါ) မပြတ်ဘူးလား. . . (ပြတ်ပါတယ်ဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ခုနက ပျော်ပျော်ရှုပြန်လို့ရှိရင်လဲ ပျော်တဲ့စိတ်ကို ရှု လိုက်ပါ ဟုတ်လား မတွေ့ရင်ကော. . . (မတွေ့တဲ့စိတ် ရှု ရမှာပါဘုရား) မတွေ့တဲ့စိတ်ရှုလိုက်ရင် ပဋိစ္စသမုပ္ပါဒ် အစက ပြတ်တယ်. . . (မှန်ပါ)။

ပျော်ပျော်ပါးပါးရှုလိုက်လို့ရှိရင်. . . (အလယ်ကပဲ ပြတ်ပါတယ်ဘုရား) အလယ်ကပြတ်တယ်တဲ့ ရှုရတာတစ် နေ့လုံးပဲ ကြာတော့လည်း ကျုပ်ပျင်းလာတယ် မရှုချင်တော့ ဘူး မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

ညောင်းလာတယ် ပျင်းလာတယ် စိတ်ပျက်လာတယ် မရှိပေဘူးလား. . . (ရှိပါတယ်ဘုရား) အဲ စိတ်ပျက်လာတယ် ဆိုလို့ရှိရင် ပျက်တဲ့စိတ်က ဒေါသ. . . (မှန်ပါ) အဲဒီ ပျက်တဲ့ စိတ်ကဘာလုပ်ရမှာတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

## ပဋိစ္စသမုပ္ပါဒ် အဆုံးကပြတ်တယ်

ပျက်တဲ့စိတ်ကိုရှုလိုက်တော့ကို ဒကာဒကာမတို့ အင်း. . . ပျက်တဲ့စိတ်ကအနိစ္စ၊ ရှုတာကဘာတုံး. . . (မဂ္ဂ ပါဘုရား) ဒေါသချုပ်တဲ့အတွက် ဒီဘက်က သောကတွေ ကော လာသေးရဲ့လား. . . (မလာပါဘူးဘုရား)

ပရိဒေဝ. . . (မလာပါဘူးဘုရား) ဥပါယာသ. . . (မလာပါဘူးဘုရား) အင်း. . . ဟိုဘက် အဝိဇ္ဇာ. . . (မလာ ပါဘူးဘုရား) အင်း. . . သင်္ခါရ. . . (မလာပါဘူးဘုရား)။

ဩြော်. . . ဒါပဋိစ္စသမုပ္ပါဒ် အဆုံးကပြတ်တာ. . . (မှန်ပါ) ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ပဋိစ္စသမုပ္ပါဒ် အစကပြတ်တယ်

ဒါဖြင့် ဒီနေ့ သုံးချက်ပြပါတယ်တဲ့ ဒကာဒကာမတွေ ဝိပဿနာစထိုင်ရင် ဘယ်ဟာက စရှုရမတုံး. . . (မတွေ့တာကပါဘုရား) မတွေ့တာဘယ်သူတုံး. . . (အဝိဇ္ဇာပါဘုရား) ဒါဖြင့် အစကပြတ်တာပဲ. . . (မှန်ပါ)။

ပဋိစ္စသမုပ္ပါဒ် အစက စပြတ်တယ် မပြတ်ဖူးလား. . (ပြတ်ပါတယ်ဘုရား) အင်း. . . နောက်ကျတော့ ရှုရတာ ပျော်လာပြန်တယ် ဆိုတော့ကော. . . ပျော်တဲ့စိတ်ကို ဘာ လုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

အဲဒါကျတော့ ပဋိစ္စသမုပ္ပါဒ် ဘယ်ကပြတ်တုံး. . . (အလယ်ကပါဘုရား) တဏှာနိရောဓာ ဥပါဒါနနိရောဓော ဖြစ်ပြီ သဘောကျပြီလား. . . (မှန်ပါ)။

## ပျင်းတဲ့စိတ်ကိုဖြစ်ပျက်ရှု

အင်း. . . ရှုရတာကြာတော့ ပျင်းလာတယ် ပျင်းတဲ့ စိတ် ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား) အင်း. . ပျင်းတဲ့စိတ်ရှုတော့ ပျင်းတဲ့စိတ်က ဒေါသ၊ ဒေါသကလည်း

အနိစ္စမရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

အင်း. . . ဒေါသနောက်က ဘာလိုက်လာတုံး. . . (မဂ္ဂလိုက်လာပါတယ်ဘုရား) မဂ္ဂလိုက်တော့ သောကလာနိုင်သေးရဲ့လား. . . (မလာနိုင်ပါဘူးဘုရား)။

အင်း. . . သောကချုပ်တာ ဘယ်သူတုံး. . . (မဂ်ပါဘုရား) မဂ် အင်း. . . သောကပရိဒေဝါနဲ့ သမတိက္ကမာယ ပါဠိတော်ထဲ အကုန်ဝင်မလာဘူးလား. . . (ဝင်လာပါတယ်ဘုရား)

သဘောပါပြီလား. . . (ပါပါတယ်ဘုရား) တရားဟောမလို့စိတ်ကူးတယ် ခင်ဗျားတို့ သင်နေရတာနဲ့ အချိန်ကုန်သွားတယ်. . . ရိပ်မိပြီလား. . . (ရိပ်မိပါတယ်ဘုရား)။

ကဲ. . . ဒီနေ့ ဒီတွင် တော်ကြပါဦး. . .

သာဓု. . . သာဓု. . . သာဓု. . .